# ညွန့်ပေါင်းသတင်းလွှာ

NCGUB

အမှတ် ၅၆
ဖေဖော်ဝါရီ

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။


## ရွှေဂုံတိုင်ကြေညာစာတမ်းနှင့် ၂၀၁၀ ရွေးကောက်ပွဲ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်သတင်းစာဆရာကြီး ဦးဝင်းတင်က - -

"[**ရွှေဂုံတိုင် ကြေညာစာတမ်း**ကို] သာမန်အားဖြင့် အရပ်ထဲမှာ နားလည်နေတာက ၂၀၀၈ ခုနှစ်အခြေခံဥပဒေက ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့အချက်များကို ပြုပြင်ပြောင်းလဲပြီး အစိုးရအနေနဲ့ တရားမျှတပြီး နိုင်ငံတကာကွပ်ကဲမှုအောက်မှာလုပ်မယ့် ရွေးကောက်ပွဲအဖြစ် ပြောနေကြတယ်။ တကယ်တော့ ရွှေဂုံတိုင်တောင်းဆိုချက်က အဲဒီလို မဟုတ်ဘူး။ အဆင့်တွေရှိတယ်။ ပထမဆုံးအဆင့်မှာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရန်၊ အမျိုးသားရေးကိစ္စတွေမှာ အဆုံးအဖြတ်ပေးနိုင်တဲ့ ဒီမိုကရေစီအင်အားစုဘက်က ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်မျိုးတွေ၊ စစ်အစိုးရဘက်ကလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေလိုပုဂ္ဂိုလ်မျိုးတွေ တွေ့ဆုံဆွေးနွေးရေး၊ ပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွေလုပ်မယ်။

"တောင်းဆိုချက်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေး၊ ၂၀၀၈ ခုနှစ်အခြေခံဥပဒေထဲက ဒီမိုကရေစီစံနှုန်းများနဲ့ မကိုက်ညီတဲ့အချက်တွေ ဖယ်ရှားရေးဆိုတဲ့ တောင်းဆိုချက်၊ နောက်ပြီးတော့ သန့်ရှင်းလွတ်လပ်ပြီး နိုင်ငံတကာပါဝင်တဲ့ ရွေးကောက်ပွဲကျင်းပရေးတို့ပါတဲ့ တောင်းဆိုချက် (၅)ချက်ပါတယ်။ ဒီဟာက အလွန်ကိုအရေးကြီးတဲ့ အချက် (၅)ချက်



ဖြစ်တယ်။ ဒီဟာက ကျနော်တို့ရဲ့နိုင်ငံရေးရည်မှန်းချက်ဖြစ်တယ်၊ နိုင်ငံရေးသဘောထားများဖြစ်တယ်။...

"နောက်တပိုင်းက ဘာလဲဆိုတော့ **အမေရိကန်** အစိုးရအနေနဲ့လည်း ဒီနှစ်ထဲမှာ **မူဝါဒအသစ်** ကြေညာလိုက်တယ်။ အမေရိကန်အစိုးရအနေနဲ့ စစ်အစိုးရအပေါ် နဂိုကရှိတဲ့ (ပိတ်ဆို့အရေးယူမှု) တခုထဲ မကျင့်သုံးတော့ဘူး။ တဖက်ထဲ မကျင့်သုံးတော့ဘူး။ စစ်အစိုးရနဲ့ တိုက်ရိုက်ဆက်ဆံမယ့်မူဝါဒတခု ချမှတ်ကျင့်သုံးခဲ့တယ်။ အဲဒါဘာလဲဆိုတော့ တဖက်က မုန့် တဖက်က ဒုတ်ဆိုတဲ့ မူဝါဒမျိုး ကျင့်သုံးလာတယ်။...

"ရွှေဂုံတိုင်နဲ့ အမေရိကန် ကြေညာချက်နှစ်ခု ဆက်စပ်ကြည့်မယ်ဆိုရင် ဘာဘဲပြောပြော၊ မြန်မာပြည်ထဲမှာ ကျနော်တို့နိုင်ငံရေးသမားတွေဘက်ကလည်း နိုင်ငံရေးရပ်တည်ချက်အတိုင်း ရပ်တည်ပြီးတော့ ဒီမိုကရေစီအင်အားစုတွေကလည်း မိမိတို့ရဲ့တောင်းဆိုချက်၊ မိမိတို့ရဲ့သဘောထား၊ မိမိတို့ရဲ့မူဝါဒရပ်တည်ချက်အတိုင်း၊ တဖက်ကလည်း ပြည်ပကနေ ဒီမိုကရေစီအင်အားစုတွေရဲ့ အင်အားဖြစ်တဲ့ အမေရိကန်အနေနဲ့လည်း ဘာဘဲပြောပြော အခြေအနေသစ်ပေါ်မှာ ရပ်တည်ကြတယ်ဆိုလို့ရှိရင် အစိုးရအနေနဲ့ ဆက်ဆံရေးနည်းသစ်တွေ ရှာလာမယ့် အခြေအနေသစ်တခု ပေါ်လာမယ်။ အခြေအနေသစ်တခုရဲ့ နောက်ဆက်တွဲက ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလ (၁၁)ရက်နေ့တုန်းက စစ်အစိုးရကို ပို့လိုက်တဲ့စာထဲမှာ နိုင်ငံရေးအားဖြင့် အဓိပ္ပာယ်အများကြီးပါလာတယ်။...

"ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တိုင်းပြည်ကောင်းကျိုးအတွက် စစ်အစိုးရနဲ့ကျမ ပူးပေါင်းလုပ်ဆောင်ချင်ပါတယ်၊ လုပ်ဆောင်ဖို့အတွက်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ပါရစေ၊ ကျမနဲ့ တွေ့ဆုံခွင့်ပေးပါ ဆိုပြီးတော့ တောင်းဆိုလိုက်တယ်။ အဲဒီလောက် လုပ်တဲ့အခါကျတော့ မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေကတော့ အများကြီးပွင့်လင်းသွားတယ်။ သို့သော် အဲဒါတွေအားလုံးက ဘာဖြစ်သွားလဲဆိုတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေပေါ်မှာဘဲ တည်တော့တယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်ကပြောရရင် တင်းနစ်ကစားသလို ဘောလုံးက

(စာမျက်နှာ ၄ သို့)

## အမေရိကန် ပေါ်လစီသစ်



အမေရိကန်အစိုးရအနေနှင့် နအဖစစ်အစိုးရနှင့် ဆက်ဆံရေးတွင် စိတ်ရှည်ရှည်ထားမည်ဖြစ်သော်လည်း အကန့်အသတ်မရှိ သည်းခံနေမည်မဟုတ်ဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ်က ဇန်နဝါရီ (၁၀)ရက်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရဘက်ကြား အဆင့်မြင့်ဆက်သွယ်မှုတချို့ တွေ့ရပါတယ်။ တခြားဖြစ်ထွန်းတိုးတက်မှုတချို့လည်း တွေ့ရပါတယ်။ ဒါပေမဲ့ အခြားတဘက်မှာတော့ စိုးရိမ်စရာတချို့တွေ့ရပြန်ပါတယ်။ တိုင်းရင်းသားလူနည်းစုတွေနဲ့ ပဋိပက္ခတွေ ဆက်ဖြစ်နေတယ်။ တရားစွဲဆို ထောင်ချတဲ့ ကိစ္စမျိုးတွေလည်း ရှိနေပါတယ်။ အမေရိကန်နိုင်ငံသားတယောက်တောင် ဒီလို ရုံးတင်တရားစွဲဆိုခံနေရတဲ့အထဲမှာ ပါဝင်နေပါတယ်။"

"ကျနော်တို့အနေနဲ့ မြန်မာနိုင်ငံပြဿနာကို ပြန်လည်သုံးသပ်ပြီး မူဝါဒအသစ်တရပ်အဖြစ် ဦးစားပေးဆောင်ရွက်ရာမှာ စိန်ခေါ်မှုအသစ်တွေ ရှိနေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းကြီးသဘောပေါက်ထားပါတယ်။ ဒီနေရာမှာ စိတ်ရှည်ဖို့လိုအပ်တယ်ဆိုပေမဲ့ ကျနော်တို့အဖို့ ဒါဟာ အဆုံးမရှိသော စိတ်ရှည်သည်းခံမှုမျိုး မဟုတ်ပါဘူး။ ဖြစ်သင့်တဲ့အချိန်အတွင်းမှာ တိုးတက်မှုအဆင့်တချို့ တွေ့မြင်ဖို့ လိုကိုလိုအပ်ပါတယ်။"

နအဖက အမေရိကန်၏ ထိတွေ့ဆက်ဆံရေးပေါ်လစီသစ်ကြောင့် စိတ်အားတက်လာပြီး တရုတ်အစိုးရ

(စာမျက်နှာ ၄ သို့)

## ယ ခု လ ဖတ် စ ရာ


| | |
|---|---|
| သတင်းလွှာအာဘော် (ပင်လုံအနှစ်သာရ အကောင်အထည်ဖော်ကြ) | ၂ |
| နိုင်ငံတကာသွေးစည်းရေး | ၂ |
| အဖွဲ့ချုပ်အင်အားတိုး | ၃ |
| ဒိုင်ယာလော့ | ၃ |
| ညွန့်ပေါင်းအစိုးရ တိုးချဲ့ရေး | ၃ |
| ငြိမ်းချမ်းရေးတိုက်ပွဲ | ၅ |
| သူတို့ စကား | ၆ |
| မီးပွားမှ တောမီးသို့ | ၇ |
| ဩော် နအဖ | ၈ |
| တပ်မတော်ကြီး အင်အားရှိဖို့ | ၉ |
| နိုင်ငံတော်မင်းမဲ့ဝါဒ | ၁၀ |
| လူသတ်ယန္တရား | ၁၀ |

# 'ပင်လုံအနှစ်သာရ အကောင်အထည်ဖော်ကြ'

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ (၁၂)ရက်နေ့တွင် ရှမ်းပြည် ပင်လုံမြို့၌ တွေ့ဆုံညှိနှိုင်းခဲ့ကြပြီးနောက် မြန်မာတနိုင်ငံလုံး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော ကဏ္ဍအသီးသီးတွင် တန်းတူညီမျှခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အပါအဝင် ဒီမိုကရေစီပိုင်ခွင့်များကို အပြည့်အဝအာမခံမည့် ပြည်ထောင်စုတခု ထူထောင်ရန် သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်မှာ ယခုဆိုလျှင် (၆၃)နှစ်မြောက်ခဲ့ပြီ ဖြစ်သည်။ ထို့ပြင် "ပင်လုံစာချုပ်" ဖြစ်ပေါ်လာစေရန် အထောက်အပံ့ပြုခဲ့သည့် ရှမ်းအမျိုးသားနေ့သည် ဖေဖော်ဝါရီ (၇)ရက်ဖြစ်သည်။ ချင်းအမျိုးသားနေ့မှာ ဖေဖော်ဝါရီ (၂၀) ဖြစ်သဖြင့် ဖေဖော်ဝါရီလသည် ပြည်ထောင်စုအငွေ့အသက်တို့ ထုံမွှမ်းသောလရာသီဟု ဆိုရပေမည်။

သို့သော် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ၁၉၄၇ ခုနှစ်က သဘောတူထားသည့် တိုင်းရင်းသားဒေသ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" ဆိုသည်မှာ ယနေ့အချိန်အထိ အကောင်အထည်မပေါ်သေး။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးတွင် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေး တောင်းဆိုသံများနှင့်အတူ ပင်လုံစိတ်ဓာတ် ပြန်လည်ရှင်သန်လာသည်။ ၁၉၉၀ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးစုပါတီ (၂၁)ခု ပေါင်းစုထားသော ပြည်ထောင်စုတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် ဆွေးနွေးညှိနှိုင်းကာ ၁၉၉၀ ဩဂုတ် (၂၉)ရက်တွင် "ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေညာချက်" ကို ပူးတွဲထုတ်ပြန်ခဲ့သည်။

"ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေညာချက်" တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စု တိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ခေါင်းဆောင်များက ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်များနှင့်အညီ ပြည်သူ့လွှတ်တော်မှတဆင့် ဒီမိုကရေစီအစိုးရတရပ်ပေါ်ပေါက်လာပြီး၊ ထိုအစိုးရ၏ဦးဆောင်မှုဖြင့် "အမျိုးသားအတိုင်ပင်ခံညီလာခံ"တရပ် ခေါ်ယူကျင်းပသွားရန်၊ ယင်းညီလာခံတွင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ ပါတီအဖွဲ့အစည်းဆိုင်ရာကိုယ်စားလှယ်များနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်၍ အနာဂတ်ပြည်ထောင်စုအတွက် အခြေခံမူများ ရေးဆွဲချမှတ်ကြရန်ဖြစ်သည်။ သို့သော် စစ်အာဏာရှင်တစုက ကလိမ်ဉာဏ်အမျိုးမျိုးသုံးကာ ပိတ်ပင်ဟန့်တားခဲ့သည်။

ဤနေရာတွင် ၁၉၈၉ ပင်လုံခရီးစဉ်၌ ဒေါ်အောင်ဆန်းစုကြည်၏ပြောကြားချက်ကို ကိုးကားလိုသည်။

*"ဒီမိုကရေစီအစိုးရတရပ် တက်လာတဲ့အခါကျရင် ကျမတို့ ပင်လုံလိုညီလာခံကြီး ထပ်ခေါ်ပြီးတော့ ကျမတို့ပြည်ထောင်စုသစ်ကို ဘယ်ပုံဘယ်နည်း ထူထောင်မယ်ဆိုတာ တိုင်းရင်းသားလူမျိုးစုတွေအားလုံးနဲ့ ဆွေးနွေးပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒီလိုကိစ္စများဟာ အများပြည်သူလူထုကနေပြီးတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်လိုက်တဲ့အစိုးရများကသာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျမတို့ယုံကြည်ပါတယ်။"*

ထို့ကြောင့် စစ်အုပ်စုကကျင်းပခဲ့သည့် အမျိုးသားညီလာခံ၊ လူထုဆန္ဒခံယူပွဲနှင့် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ စသည်တို့သည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအရ တရားမဝင်ပေ။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်နှင့် ပြည်သူလူထု၏ဆန္ဒကို ပစ်ပယ်ရန် ကြံစည်ခြင်းမျှသာဖြစ်သည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်ကြီးများချမှတ်ခဲ့သည့် စစ်မှန်သောဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်ရေးလမ်းစဉ်မှလည်း သွေဖည်နေပေသည်။

ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ လုပ်ကြံခံရမှု၊ အထူးဒေသ (၄) အပစ်ရပ် မိုင်းလားအဖွဲ့ခေါ် "အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်" NDAA-ESS တပ်ဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ် လုပ်ကြံခံရမှု၊ စသည်တို့ကိုလေ့လာလျှင် စစ်အာဏာရှင် အားသစ္စာခံရေးအတွက် တိုင်းရင်းသားအဖွဲ့များအား ရာဇသံပေးသည့် သဘောဖြစ်သည်။

လက်ရှိ အာဏာသိမ်းစစ်အစိုးရအဖြစ်နှင့်ပင် ယခုလောက် လက်ရဲဇက်ရဲ မတော်မတရားအမှုများကို လုပ်နေပါက၊ ၂၀၀၈ ဖွဲ့စည်းပုံအရ စစ်အာဏာဗဟိုပြု စစ်အစိုးရတရပ် ထူထောင်ခွင့်သာရသွားပါမူ၊ ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ ဖြစ်ကြရပေမည်။ ဤမျက်မှောက်အခြေအနေ အချင်းအရာများကိုထောက်ရှု၍ နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံအတုနှင့် ၂၀၁၀ ရွေးကောက်ပွဲ အတုတို့ကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုရှိရှိ ဆန့်ကျင်ကြရပေမည်။

တချိန်တည်းတွင် ရွေးကောက်ပွဲ၏ အနိမ့်ဆုံးလိုအပ်ချက်များအဖြစ် "နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ရန်"၊ "ဖွဲ့စည်းပုံမှ ဒီမိုကရေစီစံနှုန်းနှင့်မညီသည့် အချက်များကို ပြင်ဆင်ရန်" အားလုံးလွှမ်းခြုံပါဝင်နိုင်မည့် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲအဖြစ် နိုင်ငံတကာစောင့်ကြည့်မှု ခွင့်ပြုရန်" စသည်ဖြင့် တောင်းဆိုရပေမည်။ သို့မှသာ မြန်မာနိုင်ငံသည် ပြည်တွင်းစစ်အသစ်တခုကို ရှောင်ရှားနိုင်၍၊ ပင်လုံသဘော တူညီချက်အနှစ်သာရကို အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ညွန့်ပေါင်းသတင်းလွှာက သုံးသပ်မိပေသည်။

# နိုင်ငံတကာ သွေးစည်းရေး

နအဖစစ်အစိုးရ ကျူးလွန်ထားသည့် ရာဇဝတ်မှုများအတွက် ကုလသမဂ္ဂမှတဆင့် အရေးယူပေးရန် ဗြိတိသျှအစိုးရကို ဗြိတိသျှပါလီမန်အမတ် (၁၄၀) ကျော်က ဇန်နဝါရီ (၁၄)ရက်တွင် ထောက်ခံလက်မှတ်ထိုး တိုက်တွန်းလိုက်သည်။

ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းထောက်များဖြစ်ကြသော ကိုငွေစိုးလင်း (လက်ရှိထောင်ဒဏ် ၁၃ နှစ်ကျ) နှင့် ဇော်ရိုးတို့ရိုက်ကူးခဲ့သည့် ၂၀၀၈ခု



ဆိုင်ကလုံးနာဂစ်၏ မိဘမဲ့ကလေးငယ်များအကြောင်း မှတ်တမ်းရုပ်ရှင် Orphans of the Storm ထူးချွန်ပြောင်မြောက်မှုကြောင့် ဂုဏ်ပြုသည့်အနေနှင့်



အင်္ဂလန်နိုင်ငံမှ နာမည်ကြီး ရိုရီပက် Rory Peck ဆုကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ (၁၉)ရက်၌ ပူးတွဲချီးမြှင့်ခဲ့သည်။

ဂျပန်အခြေစိုက် အေပီအက်ဖ်သတင်းဌာနနှင့် မြန်မာသတင်းသမဂ္ဂတို့က ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းထောက်များဖြစ်သော မလှလှဝင်း (လက်ရှိထောင်ဒဏ် ၂၇ နှစ်ကျ) နှင့် ကိုဝင်းမော် (လက်ရှိထောင်ဒဏ် ၁၇ နှစ်ကျ) တို့ကို ဇန်နဝါရီ (၂၆)ရက်က ၂၀၁၀ ခုနှစ် ကင်ဂျီနာဂါအိဆု ပူးတွဲချီးမြှင့်လိုက်သည်။ ♦

ညွန့်ပေါင်းသတင်းလွှာပါသတင်းများကို ဒီဗွီဘီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ၊ ဘီဘီစီ၊ ခေတ်ပြိုင်၊ ရိုးမ၃၊ FBR, IMNA, Kaowao၊ နိရဉ္စရာ၊ မဇ္ဈိမ၊ ရှမ်းသံတော်ဆင့်၊ ရှေ့ဝတီ၊ ကန္တာရဝတီတိုင်းမ်၊ အင်တာနက်နှင့် ပြည်တွင်းသတင်းဂျာနယ်တို့မှ ရယူပါသည်။

# အဖွဲ့ချုပ်ဗဟို အင်အားတိုး

မြန်မာနိုင်ငံ၏ အဓိကနိုင်ငံရေးပါတီကြီးဖြစ်ပြီး နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာ အများဆုံးအနိုင်ရထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇန်နဝါရီ (၁၄)ရက်၌ ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင် အသစ် (၉)ဦး ထပ်တိုးလိုက်သည်။ ၎င်းတို့မှာ ဒေါက်တာသန်းငြိမ်း၊ ဦးအုန်းကြိုင်၊ ဦးဝင်းမြင့်၊ ဦးထွန်းထွန်းဟိန်(ရှမ်း)၊ ဒေါက်တာဝင်းနိုင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်၊ ဦးသိန်းညွန့်နှင့် ဒေါက်တာမေဝင်းမြင့်(မ) တို့ဖြစ်သည်။ သို့ဖြစ်၍ ယခင်ဗဟိုအလုပ်အမှုဆောင် (၁၁)ဦးနှင့်ပေါင်းလျှင် စုစုပေါင်း အဖွဲ့ဝင် (၂၀)ရှိသွားပြီဖြစ်သည်။ မူလ (၁၁)ဦးမှာ ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဒု-ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ အတွင်းရေးမှူး ဦးလွင်၊ အဖွဲ့ဝင်များ ဦးဝင်းတင်၊ ဦးခင်မောင်ဆွေ၊ ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးလွန်းတင်နှင့် ဦးညွန့်ဝေတို့ ဖြစ်သည်။ ♦

# ဒိုင်ယာလော့



နေအိမ်အကျယ်ချုပ်ကျနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို နအဖ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်က ၂၀၀၇ စက်တင်ဘာရွှေဝါရောင် သံဃာ့အရေးတော်ပုံ နောက်ပိုင်းတွင် ကိုးကြိမ်မြောက်အဖြစ် ဇန်နဝါရီ (၁၅)ရက်၌ ရန်ကုန် စိမ်းလဲ့ကန်သာ ညေ့်ဂေဟာ၌ နာရီဝက်ကြာ တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၅၊ နိုဝင်ဘာ ၉ နှင့် ၁၉၊ ၂၀၀၈ ခု ဇန်နဝါရီ ၁၁ နှင့် ၃၀၊ ၂၀၀၉ ခု အောက်တိုဘာ ၃၊ ၇ နှင့် ဒီဇင်ဘာ ၉၊ နှင့် ယခု ၂၀၁၀ ဇန်နဝါရီ ၁၅ ရက်တို့တွင် စုစုပေါင်း (၉)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဖြစ်သည်။ ♦

# အမျိုးသားညွန့်ပေါင်းအစိုးရ တိုးချဲ့ရေး



ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း ဦးဆောင်သည့် အမျိုးသားညွန့်ပေါင်းအစိုးရ တိုးချဲ့ဖွဲ့စည်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၄ ဖွဲ့နှင့် မူအားဖြင့် သဘောတူညီချက်ရပြီဖြစ်၍ ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ တိုးချဲ့အစိုးရသစ် ဖွဲ့နိုင်ဖွယ်ရှိနေပြီဟု အစိုးရ တိုးချဲ့ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ဝင် အလုပ်သမားရေးရာဝန်ကြီး ခွန်မြင့်ထွန်းက ဇန်နဝါရီ (၂၆)ရက်၌ ပြောပြသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလက အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့တွင်ကျင်းပသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ)ညီလာခံမှ ရွေးချယ်ခန့်အပ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် အန်စီယူဘီ ခေါ် အမျိုးသားကောင်စီကိုယ်စားလှယ် (၅)ဦးပါ ပူးတွဲကော်မရှင်က ယခုကဲ့သို့ တိုးချဲ့ဖွဲ့စည်းရေးအတွက် လိုက်လံ၍ သဘောထားယူခဲ့ပြီး ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းထံ အပြီးသတ်အစီရင်ခံစာတခု တင်ပြခဲ့ရာ ဒီဇင်ဘာလအတွင်း၌ ဝန်ကြီးချုပ်က လက်တွေ့အကောင်အထည်ဖော်ရေးခွင့်ပြုချက်ပေးလိုက်သဖြင့် ယခုအခါ တိုးချဲ့ဖွဲ့စည်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတခုရေးဆွဲနေသည်ဟု ခွန်မြင့်ထွန်းက ရှင်းပြသည်။

*"လောလောဆယ်ကတော့ ကျနော်တို့ တိုင်းရင်းသားခေါင်းဆောင်များနဲ့ တိုးချဲ့ဖွဲ့စည်းဖို့ ပထမအနေနဲ့ လုပ်တာဖြစ်ပါတယ်။ ဒုတိယအဆင့်မှာတော့ တိုင်းရင်းသားခေါင်းဆောင်တွေမဟုတ်တဲ့ သင့်လျော်တဲ့ပုဂ္ဂိုလ်တွေနဲ့ ထည့်သွင်းဖွဲ့စည်းဖို့ဆိုတဲ့ အဲဒီအဆင့်(၂)ဆင့်ရှိတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေထဲမှာ အခြေခံ (၆)ချက်နဲ့ ညီတဲ့အဖွဲ့ကြီးတွေကို အဓိကဆွေးနွေးခဲ့ပါတယ်။ အဲဒါက ပါတီရှိရမယ်၊ နယ်မြေရှိရမယ်၊ သက်ဆိုင်ရာလူထုရှိရမယ်၊ မိမိလူမျိုးကိုစောင့်ရှောက်တဲ့ ပညာရေးအစီအစဉ် ကျန်းမာရေးအစီအစဉ်ရှိရမယ်၊ ပြီးတော့ တော်လှန်ရေးတပ်ရှိတဲ့ တိုင်းရင်းသားအဖွဲ့တွေ ဖြစ်ရမယ်။*

*"သူတို့ရဲ့သဘောထားတွေက ဒီညွန့်ပေါင်းအစိုးရကို တိုင်းရင်းသားတွေနဲ့ တိုးချဲ့ဖွဲ့စည်းမယ်ဆိုတဲ့ကိစ္စဟာ လက်တွေ့ကျတယ်၊ ဒါကို သူတို့ထောက်ခံတယ်၊ လက်ခံတယ်ပေါ့၊ ပထမတချက်။ နောက်တချက်က ဖယ်ဒရယ်မူ။ ကျနော်တို့ ပြည်ထောင်စုမူကိုတော့ ဦးတည်ရမယ်။ နောက် တတိယအချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေတခုနဲ့ ပြန်လည်ဖွဲ့စည်းမယ် ဆိုတဲ့ဟာ။*

*"ရန်ကုန်ကနိုင်ငံရေးအခြေအနေကို စောင့်ကြည့်နေရုံသက်သက်နဲ့ အလုပ်မဖြစ်နိုင်တဲ့အတွက် ကိုယ်လုပ်စရာရှိတာကို ဆက်လုပ်ရမှာ ဖြစ်တယ်၊ အဲန်အယ်လ်ဒီပါတီနဲ့ စစ်အစိုးရကြား ဆွေးနွေးပွဲဖြစ်ပြီး ပြည်သူကလက်ခံနိုင်တဲ့ ဒီမိုကရေစီအစိုးရတခု မပေါ်မချင်းအခုဖွဲ့မယ့် စင်ပြိုင်အစိုးရက တာဝန်ယူသွားမှာဖြစ်တယ်။"*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် အစိုးရ တိုးချဲ့ရေးအတွက် အခြေခံစံ (၆)ချက်ကို သဘောတူညီချက်ရခဲ့ပြီး လက်နက်ကိုင်တိုင်းရင်းသား(၄)ဖွဲ့၏ "မူအားဖြင့်ထောက်ခံမှု" ရထားသော်လည်း "အခြားသင့်တော်သူများ"ဖြင့် တိုးချဲ့ရေးအတွက်မူ အခြေခံစံများ သဘောတူချထားနိုင်ခြင်း မရှိသေးပေ။ ♦

(ရှေ့ဖုံး ရှေ့ကိုတိုင် မှ)

တခြားဘက်ကိုရောက်သွားပြီ။ စစ်အစိုးရ ဘယ်လိုတုံ့ပြန်မလဲဆိုတာကို ကြည့်ရတော့မယ်။...

"ကျန်နေတဲ့ ကိစ္စက CEC နဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဖို့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံဖို့ဆိုတဲ့ တောင်းဆိုချက်ကိစ္စတွေဘဲကျန်နေတော့တယ်။ အဲဒါကြောင့် အခုအခြေအနေက ၂၀၀၉ ခုနှစ်မှာ ကိုယ့်ရပ်တည်ချက်နဲ့ကိုယ် မှန်မှန်ကန်ကန်ရပ်တည်တယ်၊ ကိုယ့်တောင်းဆိုချက်နဲ့ကိုယ်တောင်းဆိုတယ်။ အတိုက်အခံအင်အားစုတွေအနေနဲ့ စစ်အစိုးရကို လက်ဝါးဖြန့်တောင်းစရာလည်း မရှိဘူး။ ကျနော်တို့ရဲ့မူဝါဒတွေအတိုင်း ကျနော်တို့ရပ်တည်တယ်၊ စွဲစွဲမြဲမြဲရှိတယ်ဆိုတာကို ပြလိုက်နိုင်ခဲ့တယ်။ အဲဒါ ကျနော်တို့နိုင်ငံရေးအားတွေ အများကြီးဖြစ်တယ်။ အမေရိကန်မူဝါဒဟာ မြန်မာနိုင်ငံမှာ တိုးတက်တဲ့ဆက်ဆံရေးမူဝါဒတွေ ပေါ်ထွန်းလာဖို့အတွက် အခြေအနေကောင်းတွေ ဖန်တီးတယ်လို့ ပြောလို့ရတယ်။...

"၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတုန်းက တနှစ်ခွဲလောက်ကတည်းက ပါတီဥပဒေတွေထွက်ပြီး လှုပ်ရှားစရာတွေလှုပ်ရှားကြတယ်။ ကိုယ့်အဖွဲ့အစည်းအတွက်ကို စည်းရုံးရေးတွေလုပ်ကြတယ်။ **၂၀၁၀ မှာ ရွေးကောက်ပွဲ** လုပ်မယ်လို့သာ ကြေညာထားတယ်။ အခုအချိန်ထိ ရွေးကောက်ပွဲဥပဒေက မထွက်သေးဘူး။ ရွေးကောက်ပွဲဆိုတာက လွတ်လပ်ရမယ်၊ တရားမျှတရမယ်။ ၂၀၀၉ ခုနှစ်မှာ အားတက်စရာတွေ ရှိနေပေမဲ့လည်း ၂၀၁၀ ကို လှမ်းမျှော်ကြည့်တဲ့အခါမှာ အတော်ကို စိတ်ပျက်စရာတွေ တွေ့နေရတယ်လို့ ကျနော်ပြောချင်ပါတယ်။ ၂၀၁၀ မှာ ကျနော့်အနေနဲ့ အားမရဘူး။...

"ကျနော်တို့အနေနဲ့ကလည်း ရွေးကောက်ပွဲမှာ အနည်းဆုံး ကိုယ်တိုင်မပါဝင်တောင်မှ ဒီမိုကရေစီအင်အားစုတွေကို ပါဝင်နိုင်အောင်၊ ပါဝင်နေတဲ့ ဒီမိုကရေစီအင်အားစုလို့ယူဆရတဲ့ အဖွဲ့အစည်းတွေကိုတောင်မှ ကျနော်တို့ ဗိုင်းဝန်းပံ့ပိုးနိုင်တဲ့ အနေအထားမျိုး မရှိဘူးဆိုရင် အန်အယ်လ်ဒီရဲ့အနေအထားက လုံးဝကို ပါတီတခုလုံး ထောင်သွင်းအကျဉ်းခံရတဲ့ အနေအထားမျိုးကို ဆိုက်ရောက်သွားမယ်လို့ ကျနော်တို့ ပြောလို့ရတယ်ပေါ့ဗျာ။ အဲလိုအခါမျိုးဆိုရင်တော့ အန်အယ်လ်ဒီဟာ တနည်းတဖုံအားဖြင့်တော့ လှုပ်ရှားမှုတွေ၊ စီမံဆောင်ရွက်မှုတွေ၊ ရန်းကန်မှုတွေ၊ သဘောထားဖော်ထုတ်မှုတွေဟာ ဒီနေ့လိုကာလမျိုးနဲ့တော့ အများကြီးကွဲလွဲသွားမယ်လို့တော့ ကျနော်တို့ ပြောလို့ရပါတယ်။ ကျနော်တို့ရဲ့ အနေအထားတွေဟာ ပိုပြီးတော့တင်းမာတဲ့ အနေအထားမျိုး သို့မဟုတ်လည်း ပိုပြီးတော့ပြတ်သားတဲ့အနေအထားမျိုးကို ရောက်လာမယ်လို့ အဲလောက်တော့ပြောလို့ရမယ်။ ဘာဘဲပြောပြော အန်အယ်လ်ဒီဟာ တရားဝင်ပါတီတော့ ဖြစ်နေမယ်လို့ မှန်းဆတယ်။ တရားဝင်ပါတီတခုဟာ ပါတီတခုလုံးကို ထောင်ကျတဲ့ အနေအထားမျိုး ရောက်လာမယ်ဆိုရင် ကျနော်တို့ရဲ့ တုံ့ပြန်မှုတွေဟာ ပိုပြီးတော့ ပြင်းထန်တင်းမာလာမယ်လို့ ကျနော်တို့ အဲလိုယူဆပါတယ်။

"ဒီရွေးကောက်ပွဲဟာ ၂၀၀၈ အခြေခံဥပဒေအရ ကျင်းပမယ့်ရွေးကောက်ပွဲ။ တခါ အဲဒီရွေးကောက်ပွဲက ပေါ်ပေါက်လာမယ့်ရလဒ်တွေဖြစ်တဲ့ လွှတ်တော်တို့၊ အစိုးရအဖွဲ့တို့ဆိုတာလည်း ၂၀၀၈ အခြေခံဥပဒေကို အကောင်အထည်ဖော်မယ့် ယန္တရားတွေဖြစ်တယ်လို့ ကျနော်တို့ကသတ်မှတ်တယ်။ ဒီအခြေခံဥပဒေဟာ လက်ရှိရှိနေတဲ့ စစ်အစိုးရရဲ့ အာဏာရှင်ပုံစံနဲ့ အုပ်စိုးခြင်းပေါ့ဗျာ။ ပြည်သူကိုဖိနှိပ်ခြင်းတို့ ချုပ်ချယ်ခြင်းတို့ နိုင်ထက်စီးနင်းပြုခြင်းတို့၊ နောက် တိုင်းပြည်မှာ ဆင်းရဲမွဲတေတော်ပြတ်မှုတွေကို လျစ်လျူရှုပြီးတော့ သူတို့ရဲ့စစ်အာဏာတည်မြဲရေးကိုသာ လုပ်နေတဲ့လုပ်ငန်းများကိုသာ သက်ဆိုးရှည်စေမယ့် အခြေခံဥပဒေဖြစ်တယ်။ ဒီအခြေခံဥပဒေကိုတော့ ကျနော်တို့ကလက်မခံနိုင်ဘူး။ ဒါကြောင့် ဒီအခြေခံဥပဒေနဲ့ကျင်းပမယ့် ရွေးကောက်ပွဲကိုလည်း ဒီအခြေခံဥပဒေကိုသာမပြင်ဘူး ဆိုရင်တော့ လက်မခံနိုင်ဘူးလို့ ပြောနေခြင်းဖြစ်ပါတယ်။

"ကျနော်တို့ရဲ့သဘောထားက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တနည်းနည်းနဲ့ အသိအမှတ်ပြုမယ်ဆိုရင်၊ ဒေါ်အောင်ဆန်းစုကြည်က ပြောတဲ့စကားဗျ၊ တနည်းနည်းနဲ့ဆိုတာ ကျနော်တို့ အနိမ့်ဆုံးပုံစံနဲ့လည်း ဖြစ်နိုင်ပါတယ်၊ အမြင့်ဆုံးပုံသဏ္ဍာန်နဲ့လည်း ဖြစ်နိုင်ပါတယ်။ အမြင့်ဆုံးပုံသဏ္ဍာန်ဆိုတာက အာဏာလွှဲပြောင်းပေးဖို့ပေါ့။ အနိမ့်ဆုံးပုံသဏ္ဍာန်ဆိုတာကလည်း တွေ့ဆုံဆွေးနွေးပွဲကနေ သဘောတူညီချက်ရရင် အဲဒါတွေကို အခြေခံပြီးတော့ လွှတ်တော်ခေါ်လိုက်။ တနေ့တည်းဘဲခေါ်ခေါ် ဒီလွှတ်တော်ကနေ သဘောတူညီချက်များကို အတည်ပြုလိုက်ပြီဆိုတဲ့ဟာမျိုးနဲ့၊ ပြီးရင် ဒီလွှတ်တော်ကိုဖျက်သိမ်း၊ ပြီးတော့ နောက်ထပ်ရွေးကောက်ပွဲအသစ် လုပ်မယ်ဆိုတာမျိုးပါ။ အဲလိုလုပ်လို့ရပါတယ်။ ဒါကကျနော့်ရဲ့ကိုယ်ပိုင်အတွေးအခေါ်ပါ။"

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဦးထွန်းဝင်းက--

"ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ကိုလည်း လက်မခံခဲ့ပါ။ နောက် ရိုးမတ်(လမ်းပြမြေပုံ) (၇)ချက်ကိုလည်း လက်မခံခဲ့သလို ညောင်နှစ်ပင်ညီလာခံကိုလည်း ကန့်ကွက်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ရိုးမတ်ခုနစ်ချက်အရ ၂၀၀၈ ခုနှစ်က အတင်းအတည်ပြုပေးလိုက်တဲ့ ဥပဒေနဲ့ ပြုလုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်မခံပါ။ ရတဲ့နည်းနဲ့ ပျက်သုဉ်းသွားအောင် တိုက်ဖျက်သွားမှာဖြစ်ပါတယ်။ နအဖလုပ်မယ့်ရွေးကောက်ပွဲ ပြီးရင်လည်း ရခိုင်ပြည်သူပြည်သားတွေအတွက် အကျိုးရှိစရာ ဗလာနတ္ထိ တခုမှမရှိပါ။ ဘာဖြစ်လို့လဲဆိုတော့ စစ်တပ်က နေရာတိုင်းမှာ ၂၅ ရာခိုင်နှုန်းနေရာကိုယူမယ်။ ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် နိုင်ငံအကြီးအကဲမှန်သမျှကို စစ်တပ်က သဘောကျခန့်မယ်။ အဲဒီအတွက်ကြောင့် ရခိုင်တွေအနေနဲ့ ဘာမှအကျိုးထူးမှာ မဟုတ်သလို စစ်ကျွန်အဖြစ် ဆက်လို့သာ ဖြစ်ဖို့ရှိပါတယ်။

"ရခိုင်ပြည်သူပြည်သားတွေဟာ အာဏာသိမ်းခဲ့တဲ့ စစ်အာဏာရှင် ဦးနေဝင်းဆီမှာတကြိမ် နှစ်ပေါင်း ၂၆နှစ် နည်းမျိုးစုံနဲ့ အလိမ်ခံခဲ့ရပါတယ်။ အခုတခါ ဒုတိယတကြိမ် အာဏာသိမ်းထားတဲ့ စစ်အာဏာရှင်တွေဟာ ၂၂ နှစ် ကာလပတ်လုံး စစ်ကျွန်အဖြစ်နဲ့ အလိမ်ခံခဲ့ရပြီဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မဟုတ်တဲ့ ရခိုင်တွေဟာ ရခိုင်ပြည်က သယံဇာတပစ္စည်းတွေကို လုပ်ချင်တိုင်းလုပ်ပြီး ထုတ်ယူရောင်းစားနေတဲ့ စစ်တပ်ကို နည်းမျိုးစုံနဲ့ဆန့်ကျင်ဖို့ လိုအပ်ပါတယ်။ စစ်တပ်တပ်ရင်းတွေကို အများကြီးချထားပြီး ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးကို နည်းမျိုးစုံနဲ့ကျွန်လုပ်နေတဲ့ စစ်အာဏာရှင်တစုကို မြန်မာ့တိုင်းရင်းသားပေါင်းစုံနဲ့ အတူတကွလက်တွဲပူးပေါင်းပြီးတော့ ညီညွတ်မှုအင်အားကိုယူကာ နအဖစစ်အစိုးရကို အစွမ်းကုန်တိုက်ဖျက်ကြပါလို့ မှာကြားလိုပါတယ်။ ရခိုင်တွေ နအဖဆီမှာ ကျွန်မခံကြပါနဲ့လို့လည်း မှာကြားချင်ပါတယ်။" ♦

(ရှေ့ဖုံး ပေါ်လစီသစ် မှ)

ဟန့်တားနေသည့်ကြားမှ ကိုးကန့်ငြိမ်းအဖွဲ့ကို ထိုးစစ်ဆင်ချေမှုန်းခဲ့သော်လည်း ဒီဇင်ဘာ (၁၁)ရက်တွင် မြန်မာနိုင်ငံအတွက် မြောက်ကိုရီးယားမှ စစ်လက်နက်ပစ္စည်း (၃၅) တန်သယ်ဆောင်လာသော ဂျော်ဂျီယာ ကုန်တင်လေယာဉ်ကို အမေရိကန်နိုင်ငံ၏ သတင်းပေးညွှန်ကြားချက်ဖြင့် ထိုင်းလေတပ်တိုက်လေယာဉ်များက ပိုင်းပိတ်ဖမ်းဆီးပြီး အတင်းအကြပ်ဆင်းသက်စေခဲ့ သဖြင့် နအဖ အထိနာပြီး စိတ်ဓာတ်ကျသွားခဲ့သည်။ ယင်းလက်နက်များမှာ အိန္ဒိယ အရှေ့မြောက်ပိုင်းမှ သူပုန်များသို့ တဆင့်ပြန်ရောင်းပေးရန်ဖြစ်သည်ဟု အတည်ပြုဆဲသတင်းကြားသိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင် သတင်းစာဆရာကြီး ဦးဝင်းတင်က အမေရိကန်ပေါ်လစီသစ်ကို ယခုလိုသုံးသပ်ပြသည်။

"စစ်အစိုးရနဲ့ အမေရိကန်သမတနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံမယ်၊ တိုက်ရိုက်ထိတွေ့မှုကို အကောင်အထည်ဖော်မယ်လို့ ပြောတယ်။ အဲဒီ အမေရိကန်နိုင်ငံခြားရေးမူဝါဒအသစ်ကို ကြေညာလိုက်တယ်။" စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံသလို တိုင်းရင်းသားလူမျိုးစုတွေအရေးကိုလည်း တိုက်ရိုက်ထိတွေ့ဆက်ဆံမှုတွေ လုပ်မယ်ဆိုတာ ပါလာတယ်။ အဲဒီစိန့်စ်ခုက သိပ်ပြီးထူးခြားတယ်လို့ မပြောနိုင်ပေမယ်လို့ အတိုက်အခံအင်အားစုများနဲ့ စစ်အစိုးရအကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှုမျိုး ရလာမယ်။ ဆိုလိုတာက တွေ့ဆုံဆွေးနွေးမှု *Dialogue* ပေါ့ဗျာ။

"နှစ်ပေါင်း(၂၀)ကျော် အတိုက်အခံတွေ တောင်းဆိုလာခဲ့တဲ့ တိုက်ရိုက်ဆက်ဆံရေးမှု ရမယ်။ စစ်အစိုးရနဲ့ အတိုက်အခံတွေအကြား ထိတွေ့ဆက်ဆံပါဆိုတဲ့ ပေါ်လစီချထားတယ်။ ဒီပေါ်လစီတွေအကြားမှာ ကြိုက်လိုဖြစ်သွားတယ်။ အမေရိကန်အစိုးရနဲ့ စစ်အစိုးရဆက်ဆံရေး၊ စစ်အစိုးရနဲ့ အတိုက်အခံဆက်ဆံရေး လူမျိုးစုများနဲ့စစ်အစိုးရတို့ တိုက်ရိုက်ဆက်ဆံရေးဆိုတဲ့ ကြိုက်ပုံသဏ္ဍာန်တွေ ပါလာတယ်။ ဒီအနေအထားက အလားအလာကောင်းတွေ ပေါ်လာမယ်ဆိုရင် ပေါ်လာနိုင်တယ်။ အခြေအနေသစ်တခု ထွန်းကားလာမယ်ဆိုလို့ရှိရင် ထွန်းကားလာနိုင်တယ်။" ♦

# ငြိမ်းချမ်းရေးတိုက်ပွဲ

☮ ကရင်ပြည် ကော့ကရိတ်မြို့နယ် ဟောင်သရောဒေသ အခြေစိုက် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ကေပီအက်ဖ်) ၏ တပ်ရင်းသုံးရင်းကို ရွေးကောက်ပွဲမတိုင်ခင် တပ်ရင်းတခုတည်းသာ ထားရှိသွားရန် နအဖတိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဒီဇင်ဘာလ ဒုတိယပတ်က ညွှန်ကြားခဲ့သည်။

☮ ဒီဇင်ဘာ (၃၀)ရက်က ရှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းမြို့မြောက်ဘက် ဝ အပစ်ရပ်အဖွဲ့နယ်မြေအတွင်း နယ်ကျွံဝင် ကျူးကျော်လာသည့် မိုင်းခတ်အခြေစိုက် နအဖတပ် ခမရ ၃၂၇ မှစစ်သား (၆)ယောက်ကို မိုင်းပေါက်အခြေစိုက် ဝ တပ်ဖွဲ့က အင်အားသုံးဖမ်းဆီးခဲ့သည်။

☮ ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းထဲသို့ လက်နက်ယူဆောင်ခွင့်၊ ယူနီဖောင်းဝတ်ခွင့် ပိတ်ပင်ခံထားရသော်လည်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO) ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ်အင်ဘန်လက ဇန်နဝါရီ (၇)ရက်တွင် လက်နက်များနှင့်အတူ ဝင်ရောက်ခဲ့သည်။ ကေအိုင်အိုအဖွဲ့အပေါ် ယခုလို ကန့်သတ်ပိတ်ပင်နေသော်လည်း နယ်ခြားစောင့်တပ်လက်ခံသည့် အင်န်ဒီအေကေအဖွဲ့၊ ပြည်သူ့စစ်လက်ခံသည့် လဆန်အောင်ဝါအဖွဲ့များကိုမူ ယူနီဖောင်းဝတ်ခွင့်ပြုနေသည်။ ဇန်နဝါရီ (၁၀)ရက်တွင်လည်း ကေအိုင်အိုအဖွဲ့က ကချင်ပြည်နယ်နေ့အခမ်းအနားသို့ လက်နက်နှင့်တက်ရောက်ခဲ့သည်။

☮ လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ကျူးလွန်ထားသော ပြစ်မှုဆိုင်ရာအချက်အလက်များကို စုဆောင်းရန် ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဇန်နဝါရီလအတွင်း ညွှန်ကြားခဲ့သည်။

☮ ပြည်သူ့စစ် အသွင်ပြောင်းခြင်းကို မကြာမီကလက်ခံခဲ့သော ကေအိုင်အို ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ ခွဲထွက်ဗိုလ်မှူးလဆန်အောင်ဝါ သို့မဟုတ် လဝါးယန် ပြည်သူ့စစ်အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်ကြီးညွှန့်ဆွေဦးစီးသည့် ကုန်တင်ကား(၈)စီး၊ ဟိုက်လတ်ကား(၂)စီး၊ ပါဂျဲရိုး(၁)စီးပါ စီးပွားရေးယာဉ်တန်း ဗန်းမော်မှ တရုတ်နယ်စပ်မံဝိန်းအသွား ဂိုက်ထိပ်ကျေးရွာတွင် နအဖတပ် ခလရ ၂၃၆ က ဇန်နဝါရီ (၉)ရက်၌ ဖမ်းဆီးခဲ့သည်။ ကားများပေါ်တွင် ကျပ်သိန်းတစ်ထောင်တန်ဖိုးရှိ ဆန်အိတ် ၁,၆၀၀၊ နှမ်းအိတ် ၄၀၀၊ တမလန်းသစ်နှင့် သစ်သားပန်းပုရုပ်များပါလာသည်။

☮ ဒေသစောင့်တပ်အသွင်ပြောင်းမှု လက်ခံထားသော မထုနော် ခေါင်းဆောင် ကချင်ကာကွယ်ရေးတပ်မတော် KDA ၏ တပ်သားအရာရှိအများအပြား ကွတ်ခိုင် မူဆယ် နမ့်ခမ်း နမ္မတူမြို့နယ်အတွင်း အခြေချလှုပ်ရှားသည့် KIA တပ်မဟာ ၄ သို့ ဘက်ပြောင်း ပူးပေါင်းသွားသည်။

☮ နအဖသြဇာခံ ကိုးကန့်ခွဲထွက် ပိုင်စုံချိန် ဦးဆောင်သည့် ကိုးကန့်တပ်ဖွဲ့အား အသွင်ပြောင်းလိုက်သည့် အမှတ် ၁၀၀၆ နယ်ခြားစောင့်တပ်ရင်းမှ စစ်သည်များသည် စစ်သင်တန်းတက်ရောက်နေကြရာမှ ထွက်ပြေးမှုများနေသဖြင့် လူ(၂၀၀)ပင်မပြည့်တော့ဘဲ ဖြစ်နေသည်။

☮ နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းခဲ့သော အပစ်ရပ် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (နဂါးအဖွဲ့) KNDP မှ အဖွဲ့ဝင်လေးဦးသည် ဇန်နဝါရီလ (၄)ရက်နေ့က ကရင်နီတပ်မတော်သို့ အေကေ-၄၇ တလက်၊ အမ်-၂၂ နှစ်လက်နှင့်အတူ ထွက်ပြေးရောက်ရှိလာခဲ့ကြသည်။

☮ နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်အသွင်ပြောင်းရေး လက်မခံသေးသည့် ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အေ-မြောက်ပိုင်း)ကို ထိုးစစ်ဆင်မည်ဆိုသည့်သတင်းကြောင့် ရှမ်းပြည်အလယ်ပိုင်း မိုင်းနောင်မြို့နယ်ရှိ နအဖ တပ်ရင်းမိသားစုများ ဇန်နဝါရီ (၁၁-၁၂)ရက်က လဲချားနှင့် တောင်ကြီးမြို့များသို့ ပြောင်းရွှေ့ခဲ့ကြသည်။

☮ ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့က နအဖစစ်အစိုးရထံမှ တောင်းဆိုချက် (၉)ချက်မရသဖြင့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စ လက်မခံနိုင်ဟု ဇန်နဝါရီလလယ်၌ ပြောလိုက်သည်။ တောင်းဆိုချက်များထဲတွင် မိုင်းပေါက်နှင့် မိုင်းဖျင်ကို မြို့နယ်တခုအဖြစ် ဝ တိုင်းအတွင်းထည့်သွင်းရန်၊ ထိုင်းနယ်စပ်မှ ဝမ်ဟုန်ဒေသကို ဝ တိုင်းလက်အောက်ထည့်သွင်းရန်၊ ပန်ခမ်းနှင့် ဝမ်ဟုန် စစ်ဒေသခွဲနှစ်ခုထားပြီး နအဖဘက်မှ ဒုစစ်ဒေသမှူးတဦးစီထားကာ တပ်ရင်းများတွင် နအဖစစ်သားများ မထည့်သွင်းရန်၊ စစ်ဒေသအဆင့်အရာရှိများကို အသက် ၆၀ အထိ တာဝန်ယူခွင့်ပေးရန်၊ ရုံးဌာနဝန်ထမ်းများ၊ ပိုလျှံတပ်သားများနှင့် အသက် ၅၀ အထက်လူကြီးပိုင်းများကို ၅ နှစ်စာပင်စင် တလုံးတည်းပေးရန်၊ တပ်လေ့ကျင့်ရေးကို ဝ ဒေသအတွင်းလုပ်ရန်၊ လက်ရှိခရိုင်တပ် မြို့နယ်တပ် ၇၀၀၀ နှင့် ပြည်သူ့စစ်အင်အား ၂၀,၀၀၀ ကို စားဝတ်နေရေးဖြေရှင်းပေးရန်၊ ဝ တပ်ဖွဲ့ဝင်များအပေါ် အရေးယူထောင်ချခြင်းမျိုး မလုပ်ရန်၊ ဝ အစိုးရနှင့် တရုတ်ကုမ္ပဏီများ လုပ်ငန်းရှင်များ ချုပ်ဆိုထားသည့် စီးပွားရေးစာချုပ်များကို ဆက်လက်အသိအမှတ်ပြုရန် တို့ပါဝင်သည်။

☮ အပစ်ရပ် ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့အနေနှင့် နအဖစစ်အစိုးရ၏ အတင်းအကြပ်အာဏာလုယူရေး ကြိုးပမ်းချက်ကို လုံးဝလက်မခံနိုင်ကြောင်း ဇန်နဝါရီလထုတ် "ယနေ့ ဝ ပြည်နယ်" သတင်းစာ၌ မြန်မာဘာသာဖြင့် ရေးသားခဲ့သည်။ "ကျနော်တို့အိမ်ကို ကာကွယ်ကြ" ဆောင်းပါးတွင် စစ်အစိုးရက ဝ လူမျိုးများကို အသိအမှတ်မပြုခြင်း၊ ဝ အမျိုးသားများကို ဝါးမြိုလိုခြင်းစသည့် စဉ်းစားနည်းမှာ ယုတ္တိကင်းမဲ့လှကြောင်း၊ ဝ တောင်ပိုင်းဒေသမှာ နအဖစစ်တပ် မတိုက်နိုင်ခဲ့သည့် ခွန်ဆာနယ်မြေကို ဝ အမျိုးသားများက သွေးချွေးနှင့်တိုက်ယူရရှိထားခြင်း၊ ယနေ့ ဝ ဒေသသည် စီးပွားရေး၊ လူမှုရေး တိုးတက်နေပြီး နအဖက အခြားတိုင်းရင်းသားပြည်သူများကဲ့သို့ တံခါးပိတ် ချုပ်ကိုင်၊ ဆင်းရဲခေတ် နောက်ကျသည့်အခြေအနေမျိုး ပြောင်းလဲပစ်ရန် ကြိုးစားသည့်လုပ်ရပ်ကို လက်မခံနိုင်ကြောင်း၊ တိုင်းရင်းသားပြဿနာဖြေရှင်းရာတွင် စစ်ရေးအရနှိပ်ကွပ်ခြင်းမျိုး လက်မခံကြောင်း၊ မည်သူမဆို ငြိမ်းချမ်းရေးကိုဖျက်ဆီးလာပါက လက်နက်ကိုင်ပြီး ငြိမ်းချမ်းရေးကို ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ ခေါင်းပြတ်ဗိုလ်ချုပ် အမျိုးပြုတ်ကျွန်ဘဝ အဖြစ်ခံမည်မဟုတ်ကြောင်း ရေးသားထားသည်။

☮ တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့ (ဒီကေဘီအေ)သည် နယ်ခြားစောင့်တပ် ဖွဲ့ရန် မူလက လက်ခံထားသော်လည်း အောက်ခြေတပ်မှူးတပ်သားများနှင့်တကွ နာယကမြိုင်ကြီးငူဆရာတော် ဦးသုဇန၊ ဥက္ကဋ္ဌ ပဒိုသာထူးကျော်တို့က လက်မခံနိုင်သဖြင့် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ဇန်နဝါရီ (၁၅)ရက်တွင် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းအား တပ်သားစာရင်း အတိအကျ မပေးနိုင်သေးဘဲဖြစ်နေသည်။

☮ ပြည်သူ့စစ်အသွင်ပြောင်းခဲ့သော ခွဲထွက်ကေအိုင်အိုငြိမ်းအဖွဲ့ဝင်ဟောင်း လဆန်အောင်ဝါအဖွဲ့မှ နာယက အူဒီနော်ထွဲ နေထိုင်ရာ မြစ်ကြီးနားမြို့ ပြန်လည်နေရာချထားရေး - ပလန ရပ်ကွက်ရှိနေအိမ်ထဲသို့ ဇန်နဝါရီ (၁၆)ရက် ညနေပိုင်း၌ မှူးယစ်အထူး ရဲအရာရှိ ဦးဖုန်းနိုင်နှင့်အဖွဲ့ ဝင်ရောက်လာကာ ဦးအူဒီနှင့် ၅ တန်းကျောင်းသားမောင်ဇော်တို့ကို အကြောင်းမဲ့ရိုက်နှက်ခဲ့သည်။

☮ ဝသပပါတီ၏ဦးဆောင်မှုဖြင့် ဝဒေသအား စွမ်းစွမ်းတမံ ကာကွယ်သွားရန် အတွက် စစ်ရေးသတိရှိရန် လှုံ့ဆော်ထားသည့် ဝ ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ပေါက်ယူချန်း၏မိန့်ခွန်းတိုအား ဝတပ်ဖွဲ့ ရုပ်မြင်သံကြားဌာနမှတဆင့် ဒေသအတွင်း၌ ဇန်နဝါရီလလယ်က ထပ်တလဲလဲထုတ်လွှင့်ပြသခဲ့သည်။

☮ တရုတ်-မြန်မာနယ်စပ်အခြေစိုက် အပစ်ရပ် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ် အုပ်ချုပ်ရေးဒေသထဲ ရောက်လာသည့် တရုတ်နိုင်ငံသား မူဆလင် ဝီဂါလူမျိုး (၁၈)ဦးကို ဇန်နဝါရီ (၁၈)ရက်နေ့က တရုတ်အာဏာပိုင်များလက်ထဲ ဝ အဖွဲ့က ပြန်လည်အပ်နှံခဲ့သည်။ ဆင်ကျန်းပြည်နယ်မှ ဝီဂါလူမျိုးများသည် တရုတ်အစိုးရ၏ ဖိနှိပ်ဝါးမျိုမှုကို အကြီးအကျယ်ခံနေရသဖြင့် မကြာခဏ ဆန့်ကျင်တိုက်ပွဲဝင်

(စာမျက်နှာ ၇ သို့)

# QUOTATIONS "" ညွှန်းဆိုကိုးကားသူတို့စကား

"[နအဖ]အာဏာပိုင်တွေနဲ့ NGO တွေရဲ့ သဘောတူညီချက်တွေအရ နိုင်ငံရေးနဲ့ပတ်သက်တဲ့အဖွဲ့တွေ၊ အစိုးရနဲ့ပတ်သက်တဲ့အဖွဲ့တွေကို သူတို့ကူညီလို့မရဘူး။ ဒါပေမဲ့ အငြင်းပွားစရာဖြစ်နေတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်းလိုမျိုးတွေကို ကူညီနေတာတွေရတယ်။ ဒီလိုအကူအညီတွေနဲ့ပတ်သက်ပြီး စောင့်ကြည့်မယ့်သူ ဘယ်သူဖြစ်မလဲ၊ စောင့်ကြည့်တာကိုရော ခံနိုင်သလား... ငွေသာဝင်သွားတယ်။ NGO တွေက ဘာတွေလုပ်နေတယ်ဆိုတာ ပြည်သူလူထု မသိလိုက်ကြဘူး။ ထိရောက်မှု ဘယ်လောက်ရှိတယ်ဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။"

အိဒ်စ်ရောဂါသည်စောင့်ရှောက်ရေး စေတနာရှင်ဖြူဖြူသင်း

"မြန်မာနိုင်ငံမှာ ပြောရေးဆိုခွင့်ရှိသူတွေဟာ စစ်ဗိုလ်ချုပ်တွေဘဲ ဖြစ်နေပြီး သူတို့ဟာ တခြားသူတွေပြောတာကို နားထောင်တတ်သူတွေ မဟုတ်သလို၊ ကြားနိုင်ဖို့ဆိုတာလဲ ခက်ခဲသူတွေ ဖြစ်ကြပါတယ်။ ဒါကြောင့် သူတို့ကိုပြောနေတာ အချိန်ကုန်ရုံသာရှိပြီး အသုံးကျတဲ့ရလဒ် ဘာတခုမှထွက်လာမှာ မဟုတ်ပါဘူး"

ဦးမြင့် (စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ၊ ESCAP ၏ စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ဟောင်း)

"အထူးသဖြင့် ၁၉၆၀ ပြည့်နှစ်အစောပိုင်းကာလကတည်းက စစ်အစိုးရလက်အောက်၌ မြန်မာနိုင်ငံ၏ မူဝါဒများနှင့်စီမံကိန်းများသည် တသမတ်တည်းမရှိခြင်း၊ မတည်ငြိမ်ခြင်း၊ [အာဏာဖြင့်] ဝင်ရောက်စွက်ဖက်ခြင်းနှင့် အဆက်အစပ်မရှိခြင်း၊ တင်းကျပ်ခြင်း၊ ကန့်သတ်ချက်နှင့် နယ်ပယ်သတ်မှတ်မှုများသာရှိခြင်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ခန့်မှန်းမရခြင်းနှင့် မရေရာမသေချာခြင်း၊ ရုပ်ပိုင်းဆိုင်ရာအရေးအတွက်ကို ပစ်မှတ်ထားဦးတည်ခြင်း၊ အကောင်အထည်ဖော်ရာတွင် စွမ်းဆောင်ရည်မရှိခြင်း၊ ထိရောက်မှုမရှိခြင်း၊ ပညာရှင်များ၏အကြံဉာဏ်ကို တောင်းခံ၍ အလွဲသုံးစားလုပ်ခြင်းတို့ဖြစ်သည်" ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခဟောင်း ဒေါက်တာတင်စိုး

"[ပုဂ္ဂလိကပိုင်လုပ်ငန်းများ ချပေးနေမှုနှင့်ပတ်သက်၍] နှစ်ခုတော့ လိုမှာပေါ့။ Transparency (ပွင့်လင်းမြင်သာမှု)တော့ နည်းနည်းရှိဖို့ လိုမှာပေါ့။ ဘယ်သူ့ကို ဘယ်ဈေးနဲ့ပေးလဲ ဆိုတာမျိုးလေ။ နောက်တခုကတော့ Consistency (ရှေ့နောက်ညီမှု) ပေါ့နော်။ ပေးလိုက်ရုပ်လိုက် ဆိုတာမျိုးတော့ ဖြစ်ဖို့မကောင်းဘူး"

ခင်မောင်ညို (ဘောဂဗေဒပညာရှင်)

"ပုဂ္ဂလိကပိုင်လုပ်တယ်ဆိုတာက ဒါကလုပ်ကိုလုပ်ရမယ့် ကိစ္စဘဲ၊ သို့သော် ပုဂ္ဂလိကလုပ်ပိုင်ခွင့် ပေးတဲ့အခါမှာ တယောက်နဲ့တယောက် ယှဉ်ပြိုင်ခွင့်ပေးသလား၊ တင်ဒါခေါ်သလား။ သာတူညီမျှမှု မရှိဘူး။ ဥပမာပြောရရင် ဘောလုံးပွဲတပွဲမှာ ဒိုင်လူကြီးက တဖက်ကနေပြီး ဝင်ကန်ပေးနေတဲ့အတိုင်းဘဲ။ အမှန်က ဒိုင်လူကြီးဆိုတာက ဆုံးဖြတ်ပေးရမှာလေ၊ အခုဟာက ဒိုင်လူကြီးကဝင်ကန်နေတယ်။"

ဦးစိန်ငွေး (အမျိုးသားညွန့်ပေါင်းအစိုးရ စီးပွားရေးပညာရှင်)

"တရားရုံးကမဆုံးဖြတ်ခင် ဒီလိုစကားဦးသန်းပြီးတော့ ပြောဆိုခြင်းဟာ တရားရုံးကိုလွှမ်းမိုးရာလည်း ရောက်တယ်၊ မသင့်တော်ပါဘူး"

ဒေါ်အောင်ဆန်းစုကြည် (သူမကို လာမည့်နိုဝင်ဘာ ပြန်လွှတ်မည်ဟု နအဖပြည်ထဲရေးဝန်ကြီး ပြောကြားချက်အပေါ် မှတ်ချက်)

"၂၀၀၈ ခုမှာ မြန်မာနိုင်ငံကို နာဂစ်မုန်တိုင်းတိုက်တုံးက အဲဒါဟာ မြန်မာပြည်အတွက် အဆိုးဆုံးကပ်ဘေးလို့ ထင်မိခဲ့တယ်။ ဒါပေမဲ့ အမှန်တကယ်ကတော့ အာဏာရစစ်အစိုးရကြောင့် ပြည်သူ့အခွင့်အရေးတွေကင်းမဲ့နေရတဲ့ဘဝက ပိုဆိုးတယ်"

အကွီလီနိုပီမင်တယ်လ် (ဖိလိပိုင်အထက်လွှတ်တော်အမတ်နှင့် နိုင်ငံတကာပါလီမန်သမဂ္ဂ လူ့အခွင့်အရေးကော်မတီဥက္ကဌ)

---

(မင်းမဲ့ မှ)

အစွန်းရှာသားများကိုလည်း သေနတ်နှင့်ပစ်ခတ်သဖြင့် အစွန်းရှာသား စောတာလေး၏လက်ကို ဖောက်မှန် ဒဏ်ရာရသွားသည်။

☹ ဇန်နဝါရီ (၁)ရက်မှစ၍ နအဖစစ်အစိုးရက လက်ကိုင်ဖုံးဆက်သွယ်ခများကို ယခင် တမိနစ်လျှင် ၂၅ ကျပ်မှ ယခု ၅၀ ကျပ်သို့ တိုးမြှင့်လိုက်သည်။

☹ အရပ်ဘက်တွင်အသုံးပြုရန် ဩစတြေးလျနိုင်ငံ ပါ့သ်မြို့အခြေစိုက် ဘားရက်ဆက်သွယ်ရေး (Barrett Communications) ကုမ္ပဏီမှ ရောင်းချပေးထားသော အဆင့်မြင့်ဆက်သွယ်ရေးစက်များကို နအဖစစ်အစိုးရက စစ်ဘက်၌အသုံးပြုနေကြောင်း ဩစတြေးလျအခြေစိုက် The Age သတင်းစာက ဇန်နဝါရီ (၅)ရက်တွင် ဖွင့်ချရေးသားလိုက်သည်။ ၎င်းအဆင့်မြင့်ဆက်သွယ်ရေးစက်များကို လွန်ခဲ့သည့် လပိုင်းမှစ၍ ကြပ်ပြေးနေပြည်တော်နှင့် ရပခ၊ ရမခ စစ်ဌာနချုပ်များ ဆက်သွယ်ရာ၌ အသုံးပြုနေပြီး အက်စ်အက်စ်အေ (တောင်ပိုင်း)၊ ကိုးကန့် အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် ပြည်တွင်းစစ်တိုက်ခိုက်ရာမှာ အသုံးပြုနေသည်။

☹ ဇန်နဝါရီ (၅)ရက်၌ ပဲခူးမြို့တွင်းဈေးဆိုင်ခန်းများကို ကုန်သွယ်ခွန်နှင့် အမြတ်ခွန်ဦးစီးဌာနက အခွန်ငွေကို ယခင်နှစ်ကထက် နှစ်ဆတိုးကောက်သဖြင့် ဈေးသည်များ အခက်တွေ့နေရသည်။

☹ ဇန်နဝါရီ (၁၁)ရက်က ရခိုင်ပြည် မောင်းတောမြို့နယ် ငခူရကျေးရွာတွင် တာဝန်ကျနေသည့် ကျောင်းဆရာ ကိုသိန်းဟန်ကို နအဖစစ်တပ် ခမရ ၅၃၂ မှ ဗိုလ်ကြီးနှစ်ဦးက အထက်တန်းကျောင်းထဲတွင် အရက်မူးပြီး မတရားရိုက်နှက်ခဲ့ကြသည်။

☹ ဇန်နဝါရီ (၁၅)ရက်ညက ကရင်ပြည် ကော့ကရိတ်မြို့နယ် ဝေါ်လေဒေသတွင် အခြေချလှုပ်ရှားနေသော ဒီကေဘီအေ ၉၀၇ တပ်ရင်းမှ တပ်ဖွဲ့ဝင် (၂)ဦး ထိုင်းဘက်ခြမ်းရှိ အူးဖူးထာ့ကျေးရွာမှ ရွာလူကြီးနေအိမ်တွင်း ဝင်ရောက်ပစ်ခတ်မှုကြောင့် ထိုင်းရွာလူကြီး ချားချိုင်း ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ဆေးရုံတင်လိုက်ရသည်။

☹ ဂျပန်နိုင်ငံသို့ ကပြဖျော်ဖြေရန် သွားရောက်မည့် လူရွှင်တော် မိုးဒီ၊ မော့စ်၊ မေတ္တာ၊ ခင်လှိုင်နှင့် မင်းသမီး လင်းဇာနည်ဇော်နှင့် မိုးပြည့်ပြည့်မောင်တို့ကို ဇန်နဝါရီ (၂၂)ရက်က မင်္ဂလာဒုံလေဆိပ်၌ နအဖအာဏာပိုင်တို့က သွားခွင့်မပေးဘဲ တားမြစ်ခဲ့သည်။

☹ ဇန်နဝါရီ (၂၆)ရက်ထုတ် ပလောင်အမျိုးသမီးအစည်းအရုံးအစီရင်ခံစာအရ ပလောင်ငြိမ်းချမ်းရေးအဖွဲ့ အပြီးအပိုင်လက်နက်စွန့်လွှတ်ခဲ့ပြီးဖြစ်သည့် ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသ မန်တုန်နှင့် နမ့်ခမ်းမြို့နယ်များ၌ နအဖ ထိန်းချုပ်မှုအောက်တွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုအထိ သုံးနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ငါးဆကျော်တိုးလာပြီး မူးယစ်ဆေးဝါးသုံးစွဲသူ ယခင်က ၇၅ ရာခိုင်နှုန်းရှိရာမှ ယခု ၇၅ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်။ ယင်းဒေသတွင် ဘိန်းစိုက်ခြင်းကြောင့် ၂၀၀၇-၂၀၀၈ က နအဖအတွက် ဘိန်းခွန် ကျပ် ၃၇ သန်းခန့် ကောက်ခံရရှိခဲ့သည်။

☹ ဇန်နဝါရီလအတွင်း တရားမဝင်ဆိုင်ကယ်များကို နအဖ က လိုင်စင်လုပ်ပေးနေရာတွင် နှစ်သိန်းတန်ဆိုင်ကယ်ကို အကောက်ခွန်လိုင်စင်ကြေး တသိန်းခုနစ်သောင်းခန့်၊ ကိုးသိန်းတန်ယိုးဒယားဆိုင်ကယ်ကို လိုင်စင်ကြေး ခြောက်သိန်းခန့် ပေးသွင်းနေရသည်။ ♦

## ပြည်တွင်းမှ သတင်းတို

💣 ဒီဇင်ဘာနောက်ဆုံးပတ်အတွင်းက ပြည်မြို့အနီး အင်းမအခြေစိုက် နအဖ တပ် တပ်မ ၆၆ လက်အောက်ခံ ခလရ ၇၀ က အမိန့်ဖီဆန်ခဲ့ရာ အရာရှိနှင့်အခြား အဆင့် (၅၀)ကျော်ကို နအဖ ကဖမ်းဆီးလိုက်သည်။ ပြည်ခရိုင် အင်းမရှိ ခလရ ၇၀ နှင့် ကညွတ်ကွင်းရှိ ခမရ ၄၇၃ တို့တွင် တပ်တွင်းစားဝတ်နေရေးမပြေလည်မှုများ ကြောင့် အစုလိုက်အပြုံလိုက်ထွက်စာတင် အရေးဆိုခြင်း၊ ရှမ်းပြည်နှင့်ကရင်ပြည်စစ် ဆင်ရေးထွက်ရသည့်တပ်များတွင်လည်း အစုလိုက်အပြုံလိုက် တပ်မှထွက်ပြေးခြင်းများ၊ ကပစ ၉ နှင့် အခြားစက်ရုံအချို့တွင်လည်း အလုပ်မလုပ်ဘဲ ကိုယ်ပိုင်စီးပွားရှာခြင်း၊ ထွက်ခွင့်တင်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီ (၇)ရက်၌ ခလရ ၇၀ ကိုအရေးယူဖို့ လာသည့် အရာရှိအချို့ကို ခလရ ၇၀ က ဓားစာခံဖမ်းထားခဲ့ရာ (၁၀)ရက်နေ့တွင် နောက်ထပ်လာသည့်တပ်များနှင့် ပစ်ခတ်မှုဖြစ်ပြီး တဦးသေ၊ ၃ ဦးဒဏ်ရာရဟုလည်း အတည်ပြုဆဲသတင်း ကြားသိရသည်။

💣 ဒီဇင်ဘာ (၂၇)ရက်က ကရင်ပြည် ကြာအင်းဆိပ်ကြီးမြို့နယ် အစွန်းရွာတွင် စခန်းချလှုပ်ရှားနေသည့် ဒီကေဘီအေ တပ်ရင်း ၉၀၇ မှ ဒုခွဲမှူးစောဒါး၊ စုမှူးစောချာ့မူး၊ တပ်ကြပ်ကြီးစောညွန့်ဝင်း နှင့် တပ်သား (၃)ဦးသည် ပစ္စတို(၁) လက်၊ အမ်-၇၉ (၂)လက်၊ အမ်-၁၆ (၄)လက်၊ အေကေ (၃) လက်၊ အာရ်ပီဂျီ-၇ (၁)လက်၊ စုစုပေါင်းလက်နက် (၁၁)လက်နှင့်အတူ ကေအဲန်ယူထံသို့ လက်နက်ချကူးပြောင်းခဲ့သည်။

💣 ၂၀၀၇ နိုဝင်ဘာ မှ ၂၀၀၉ အောက်တိုဘာအထိ နအဖ နှင့် ရှမ်းပြည်တပ်မတော်အကြား တိုက်ပွဲကြီး/ငယ် အကြိမ် ၅၀ တွင် နအဖတပ်မှ (၇၁)ယောက်သေပြီး ရှမ်းပြည်တပ်မတော်ဘက်မှ (၁၄)ယောက်သာ ကျဆုံးခဲ့သည်။

💣 ဇန်နဝါရီ (၄)ရက်က ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့တွင် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပနေစဉ် မြို့နယ်ကြံ့ဖွံ့အတွင်းရေးမှူး စိုင်းအိုက်အေးသည် အစာတွင် အဆိပ်ခတ်ခံရပြီး ခယကရုံးဝင်းထဲမှာပင် သေဆုံးသွားသည်။

💣 လှိုင်သာယာ စက်မှုဇုန်-၂ ရှိ ပုစွန်အအေးခန်းစက်ရုံတခုတွင် အလုပ်သမား (၁၀၀)ခန့် ဇန်နဝါရီ (၇)ရက်၌ ဆန္ဒပြခဲ့သလို စက်မှုဇုန်-၃ ရှိ Weng Hong Hung အထည်ချုပ်စက်ရုံတွင်လည်း ဒီဇင်ဘာ (၁၇)ရက်က အလုပ်သမားများ လုပ်အားခ တိုးတောင်းမှု ဖြစ်ပွားခဲ့သည်။

💣 ဇန်နဝါရီ (၉)ရက်ညက ကချင်ပြည် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များနှင့် ဈေးများတွင် "မြစ်ဆုံရေကာတာ အလိုမရှိ" ဟု ရေးထားသည့်စာရွက်များကို ကချင်ပြည်လုံးဆိုင်ရာကျောင်းသားသမဂ္ဂက ဖြန့်ဝေခဲ့သည်။

💣 ဇန်နဝါရီ (၉)ရက်တွင် ကေအဲန်ယူ(ကရင်)-ကေအဲန်ပီပီ(ကရင်နီ) ပူးတွဲတပ်ဖွဲ့က လွယ်ကော်-တောင်ငူ ကားလမ်းဘေး ယာဒိုရွာအနီးမှ မဟာဓာတ်အားလိုင်း တာဝါတိုင်ကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည်။

💣 ဇန်နဝါရီလဒုတိယပတ်က ရခိုင်ပြည် ရသေ့တောင်မြို့နယ်တွင် လူထုကို အနိုင်ကျင့်သည့် ရဲတပ်ကြပ်ကြီးတင်သန်းကို မူစဲကျွန်း ခြေတော်ရာဘုရားပွဲအတွင်း နဂါးမောက်ကျေးရွာမှ မောင်ကိုနိုင်က ဓားဖြင့် ထိုးလိုက်သဖြင့် ရဲတပ်ကြပ်ကြီး ဒဏ်ရာရသွားသည်။

💣 ဇန်နဝါရီ (၉)ရက်ခန့်က ကရင်ပြည် သံတောင်ကြီးမြို့ကို အမည်ပြောင်းထားသော ဘုရင့်နောင်တပ်မြို့ကို ကေအဲန်ယူ တပ်မဟာ ၂ က လောင်ချာနှင့် ပစ်ရာ ရေဒါ(၂)ခုပျက်စီးသွားပြီး ဘားရိုက်တလုံးကိုလည်း တိုက်ရိုက်ထိမှန်သဖြင့် နအဖ စစ်သား (၁၅)ဦးခန့် သေသွားသည်။ ယင်းရက်ပိုင်းအတွင်း ကျောက်ကြီးမြို့နယ်အတွင်း၌လည်း မိုက်ကရိုဝေ့ဗ်တိုင်တတိုင်ကို ကေအဲန်ယူ တပ်မဟာ ၃ က ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်။

💣 ကရင်နီပြည် ဒီမောဆိုမြို့နယ် လိုဘာခူရွာအနီးမှ မဟာဓာတ်အားလိုင်း တာဝါတိုင်တတိုင်ကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) တပ်က ဇန်နဝါရီ (၂၃)ရက်ညပိုင်းက မိုင်းထောင် ဖောက်ခွဲခဲ့သည်။

💣 ဇန်နဝါရီ (၂၄)ရက်က ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွင် တပ်မတော်နှင့်ပြည်သူ လက်တွဲ၍ စစ်အာဏာရှင်ဆန့်ကျင်တိုက်ပွဲဝင်ရေးအတွက် တပ်မိသားစုများမှပန်ကြားလွှာ ပိုစတာများကို ရမခဗ္ဗာနချုပ်ဝန်းကျင်၊ ဘူတာဈေး၊ တိုင်းလမ်း၊ ဗျူဟာလမ်း စသည့် စစ်တပ်ရပ်ကွက်များတွင် ကပ်သွားသည်။

💣 ဇန်နဝါရီ (၂၇)ရက်က ကရင်နီပြည်မြောက်ပိုင်း ရှမ်း-ကယားနယ်စပ် လွယ်ဖီတောင်ကြောပေါ်တွင် နအဖတပ်နှင့် ကရင်နီတပ် တိုက်ပွဲဖြစ်ရာ ဗိုလ်တဦးအပါအဝင် နအဖ စစ်သား(၃)ဦး သေသွားသည်။

💣 ဇန်နဝါရီ (၂၈)ရက်က ရန်ကုန်တိုင်း လှော်ကားကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသားများက ကျောင်းအာဏာပိုင်များ၏ မတရားမှုများကို ဆန့်ကျင်တိုက်ခိုက်သည့်ပိုစတာများ ကပ်ခဲ့ကြသည်။

💣 မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုကြီးက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အနှောင့်အယှက်ပေးနေသော အစ်ကိုဖြစ်သူ အမေရိကန်နိုင်ငံသား အောင်ဆန်းဦးနှင့် ဇနီး စာရေးဆရာမမေတ္တာဦး အမည်ခံ လဲ့လဲ့နွယ်သိန်းတို့လင်မယားကို ဖေဖော်ဝါရီ (၂)ရက်မှစ၍ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်မှ ထုတ်ပယ်လိုက်သည်။ ♦

---

*(ငြိမ်းချမ်းရေး မှ)*

နေကြသည်။

☮ ဇန်နဝါရီ (၂၀)ရက်တွင် ရှမ်းပြည်မြောက်ပိုင်း ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်ထိန်းချုပ်ရာ ဝ ဒေသ၌ ဒေသခံလူထုများအတွက် အရံပြည်သူ့စစ်သင်တန်းဆင်းပွဲ ပြုလုပ်ခဲ့သည်။ မြို့နယ်အလိုက် ဒေသခံလူထု အယောက် ၅၀၀ မှ ၇၀၀ အထိ အခြေခံစစ်ပညာသင်တန်းများကို တလခွဲကြာပေးခဲ့သည်။ ကိုးကန့်နယ်မြေအတွင်း နအဖစစ်တပ်များ၏ ဆိုးသွမ်းယုတ်မာမှုများကို ကြားသိတွေ့မြင်ရသဖြင့် အမျိုးသမီးများပါ အားတက်သရော စစ်သင်တန်းတက်ရောက်ကြပြီး သေနတ်များ တောင်းနေကြသည်။

☮ နအဖစစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းလဲရေးကို လက်ခံလိုက်သည့် အန်ဒီအေ-ကေ (ကချင်) အဖွဲ့ ဗဟိုကော်မတီဝင်များကို နအဖက ကားပါမစ်တစောင်စီထုတ်ပေးရာ ဗဟိုကော်မတီ (၁၆)ဦးအတွက် တယောက်တစီးနှင့်ဥက္ကဋ္ဌအတွက်နှစ်စီး ဇန်နဝါရီလလယ်တွင်ထုတ်ပေးခဲ့သည်။

☮ *"ချောက်ထဲဆွဲခေါ်မယ့် ဦးဆောင်ဦးရွက်မှုမျိုး ဘယ်တော့မှမလုပ်ဘူး... နအဖတပ် လက်ခုပ်ထဲကရေလိုဘဝမျိုး ရောက်အောင် တွန်းပို့ချင်တဲ့လူကို အရေးယူရမယ်... လူထုနဲ့တပ်သားထုတွေရဲ့ဆန္ဒ၊ ရဟန်းရှင်လူတွေရဲ့ဆန္ဒ ဆန့်ကျင်တဲ့ ဦးဆောင်မှုမျိုး လုပ်ခဲ့ရင် ငါ့ကို လူလို့မသတ်မှတ်နဲ့တော့၊ ခေတ်အဆက်ဆက် ပွင့်မယ့်ဘုရားရှင်တိုင်း ငါ့ကို မကယ်တင်ပါစေနဲ့"* အက်စ်အက်စ်အေခေါင်းဆောင်တဦး (နယ်ခြားစောင့်တပ်/ဒေသစောင့်တပ်အသွင်ပြောင်းရေးနှင့်ပတ်သက်၍ သဘောထား)

☮ ဇန်နဝါရီ (၃၀)ရက်တွင်ကျင်းပမည့် (၆၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ ကြော်ငြာဘုတ်ကြီးများတွင် မွန်အမျိုးသားသမိုင်းကြောင်းကို မြန်မာဘာသာနှင့် ရေးသားဖော်ပြထားသည်ကို နအဖအာဏာပိုင်တို့က ဖျက်ခိုင်းခဲ့သည်။

☮ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ-၄ မိုင်းလားငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမင်းအိမ် (၅၄ နှစ်)နှင့် အဖော်တဦး ဇန်နဝါရီ (၂၇)ရက်မနက်က မိုင်းလားမြို့၌ အမည်မသိသေနတ်သမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်။

☮ *"ပင်လုံစာချုပ်ခေတ်ပျက်သွားပြီ၊ မရှိတော့ဘူး။ တပ်မတော်ဦးဆောင်တဲ့ ပြည်ထောင်စုမပြိုကွဲရေးဖြစ်နေပြီ"* နအဖ မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း (ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) နှင့် နယ်ခြားစောင့်တပ်ပြောင်းရေး ဆွေးနွေးပုံ) ♦

# ဪ ... နအဖ ... နအဖ

## COMEDY

☺ ပဲခူးတိုင်း သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင် ဒီဇင်ဘာလက ကျင်းပသည့် ဝက်ဘာပွဲတော်၌ သုံးဆယ်ရဲစခန်းမှ ရဲတပ်ကြပ်မောင်မောင်သွင်အဖွဲ့နှင့် သုံးဆယ်မြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ရယကဥက္ကဋ္ဌ ကိုဝင်းနိုင်ဦးအဖွဲ့ အချင်းများ ရန်ဖြစ်ခဲ့ရာ သုံးဆယ်မီးသတ်ရုံရှေ့၌ ရိုက်ပွဲဖြစ်ခဲ့ပြီး ရဲတပ်သားအုံးထွေးဓားဒဏ်ရာရခဲ့သည်။ ထို့ကြောင့် နောက်နေ့မှာပင် ရယကများကို ရဲကဖမ်းဆီး၍ သာယာဝတီမြို့နယ်တရားရုံး၌ တရားစွဲပြီး ဒီဇင်ဘာ (၁၀)ရက်က ထောင် ၂ နှစ်မှ ၄ နှစ်အထိချလိုက်သည်။

☺ ရခိုင်ပြည်အတွင်း မြန်မာငွေစက္ကူအကြွေအဖြစ် သုံးစွဲသော တိုကင်လက်မှတ် ကျပ် ၉ သိန်းကျော်ဖိုးကို ဇန်နဝါရီ (၁)ရက်နေ့က မောင်းတောမြို့နယ်ကညင်တောရွာ၌ နအဖအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ တန်ဖိုးနိမ့်ငွေစက္ကူ ရှားပါးစုတ်ပြဲမှုများလွန်းသဖြင့် ကျပ် ၅၀ တန်၊ ၁၀၀ တန်၊ ၂၀၀ တန်အဖြစ် လူထုက အစားထိုးသုံးစွဲနေသည့် တိုကင်များဖြစ်သည်။

☺ နအဖစစ်အစိုးရက ယခုနှစ်ဆန်းမှစ၍ ပုဂံဒေသရှိကျေးရွာများသို့ ကမ္ဘာလှည့်ခရီးသည်များသွားရောက်ခွင့်ကို ပိတ်ပင်လိုက်သည်။

☺ နအဖစစ်အစိုးရက လမ်းပြမြေပုံအတိုင်း စွမ်းစွမ်းတမံပါဝင်သူများအား ဂုဏ်ထူးဆောင်ပွဲ့ (၁၆)မျိုးနှင့် ဆုတံဆိပ် (၂၂)မျိုး ချီးမြှင့်မည်ဟု ဇန်နဝါရီ (၄) ရက်၌ ကြေညာ၏။

☺ နအဖ ထောက်လှမ်းရေးများ ခြေချင်းလိမ်နေသော ရခိုင်ပြည် စစ်တွေတက္ကသိုလ်မှ ကျောင်းတွင်းစားသောက်ဆိုင်များတွင် ဆေးခြောက်များကို လွတ်လပ်စွာနှင့် ဈေးသက်သာစွာရောင်းနေသည်ဟု စစ်တွေတက္ကသိုလ်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂက ဇန်နဝါရီ (၄)ရက်၌ ဖွင့်ချဖော်ထုတ်လိုက်သည်။ (၆)ရက်နေ့တွင် စရဖ ထောက်လှမ်းရေးက ဈေးဆိုင်ပိုင်ရှင်များကို ဆေးခြောက်ရောင်းမှုသတင်း မမှန်ကြောင်းနှင့် ရောင်းချပါက အရေးယူခံမည်ဖြစ်ကြောင်း ခံဝန်လက်မှတ်ထိုးခိုင်းခဲ့သည်။

☺ နအဖ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ပုဂ္ဂလိကစာပေဆုများပေးအပ်ခြင်းနှင့် ရွေးချယ်ခြင်းအားလုံးကို ယခုနှစ်မှ စ၍ စိစစ်ကြပ်မတ်မည်ဟု သတိပေးကြေညာလိုက်သည်။

☺ မြန်မာနိုင်ငံတွင် ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးရာ၌ ဆင်ဆာအဖွဲ့မှ တောက်လျှောက် စိစစ်နေသော်လည်း ယခုအခါ မီးရထားနှင့်ပတ်သက်သည်များ ရိုက်ကူးလျှင် မီးရထားဝန်ကြီးဌာန ဆင်ဆာအဖွဲ့သို့ ထပ်မံတင်ပြပြီး ရိုက်ကူးခပါ ပေးဆောင်ရမည်ဟု ပြဋ္ဌာန်းလိုက်သည်။

☺ စစ်အစိုးရအာဘော် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာ ဇန်နဝါရီ (၁၂) ရက် ထုတ်ဝေမှုတွင် စာမျက်နှာ (၁၅၊ ၁၆၊ ၁၇) သုံးမျက်နှာကို ဇန်နဝါရီ (၁၃) ရက်ဖြင့် မှားယွင်းရိုက်နှိပ်ဖြန့်ဝေခဲ့သည်။

☺ ဒီဇင်ဘာလလယ်က နအဖစစ်တပ်များအတွင်း စားဝတ်နေရေးမကျေနပ်မှုများကြောင့် မငြိမ်သက်မှုများဖြစ်ခဲ့ပြီးနောက် စစ်သားများအပါအဝင် လစာနည်းဝန်ထမ်းများကို ဇန်နဝါရီလကုန်မှစ၍ လစာ ၂၀,၀၀၀ ကျပ်စီတိုးပေးမည်ဟု နအဖ ဘဏ္ဍာရေးဌာနက ဒီဇင်ဘာလ (၃၁)ရက်နေ့စွဲဖြင့် ကြေညာချက်ကို ဇန်နဝါရီ (၁၂)ရက်တွင် ထုတ်ပြန်ခဲ့သည်။

☺ ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်နိုဝင်ဘာလအတွင်း ပြန်လွှတ်ပေးမည်၊ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို ဖေဖော်ဝါရီလအတွင်း ပြန်လွှတ်ပေးမည်ဟု နအဖ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဇန်နဝါရီ (၂၁)ရက်၌ ပြောကြားခဲ့ရာ ၎င်းလများမှာ ရက်စေ့၍လွှတ်ရမည့်အချိန်များဖြစ်နေသည်။

☺ မြန်မာနိုင်ငံမှ ဇန်နဝါရီလအတွင်း တင်ပို့ခဲ့သော ဆန်အိတ် ၁၅၀၀၀ မှာ ပိုးထိုး အောက်စော်နံနေသဖြင့် လူစားရန်မသင့်ဟုဆိုကာ အာဖရိကတိုက်မှ ဂါနာနိုင်ငံက လက်ခံရန်ငြင်းဆန်လိုက်သည်။

☺ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် တောင်ပြိုမြို့နယ်ခွဲတွင် နယ်စပ်ခြံစည်းရိုးကာနေသော နအဖစစ်တပ်က သံဆူးကြိုးများကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ခိုးထုတ်ရောင်းစားနေရာ ဇန်နဝါရီ (၂၄)ရက်၌ ဘင်္ဂလားဒေ့ရှ်ရဲက ကော့စ်ဘဇားခရိုင် အိုကီယားမြို့အနီးတွင် ဂျစ်ကားတစီးပေါ်မှ ဗမာစစ်တပ်သုံးသံဆူးကြိုး ကီလို ၃၀၀ ကျော်ဖမ်းဆီးရမိခဲ့သည်။

☺ ချင်းပြည် ထန်တလန်မြို့နယ် လွန်းဂလာကျေးရွာတွင် နအဖတပ် ခလရ ၂၆၆ က ယမန်နှစ် ဧပြီလမှစ၍ စေတီတဆူတည်နေခဲ့ရာ စေတီတည်ဆောက်ရေး ရန်ပုံငွေအတွက်ဆိုကာ ဇန်နဝါရီလမှစပြီး အရက်ချက်ရောင်းနေ၏။

♦

---

(လူသတ် မှ)

☠ ၂၀၀၉ ခုနှစ်အတွင်း ရန်ကုန်တိုင်းတွင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သူ ၂၀ ထက်မနည်း ရှိခဲ့သည်။

☠ ဒီဇင်ဘာ (၃၁)ရက်ညက ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ မောင်ဖြိုးမောင်မောင် (၂၂ နှစ်)သည် နှစ်သစ်ကူးည ပျော်ပါးသောက်စားပြီး အိမ်ပြန်အလာ၌ ကျိုက္ကဆံကွင်း အား/ကာသိပ္ပံကျောင်း ဒုကျောင်းအုပ် ဦးကျော်မိုးဝင်းအပါအဝင် အား/ကာဝန်ထမ်းများက မသင်္ကာ၍ဟုဆိုကာ ဖမ်းဆီးရိုက်နှက်စစ်ဆေးရာမှ လက်လွန်ပြီး သေဆုံးသွားခဲ့သည်။

☠ ဇန်နဝါရီ (၃)ရက်က ကရင်ပြည် တောင်ငူခရိုင် ဘောဂလီနှင့် ရေသိုးကြီးရွာများတွင် နအဖတပ် စကခ (၅) စကခမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့်က ကျေးရွာအတွင်းရှိ ရွာသားပိုင်ကား (၈)စီးကို ဆင့်ခေါ် ချောဆွဲပြီး ဘောဂလီစခန်းမှ မောင်းတိုင်ကြီးစခန်းသို့ တပ်ရိက္ခာပို့ခိုင်းစဉ် ရေသိုးကြီးနှင့် ခူလောင်အကြား၌ ကေအဲန်ယူတပ်နှင့် တိုက်ပွဲဖြစ်၍ ရွာသားပိုင်ကားတစီးမိုင်းထိကာ စပယ်ယာတဦးသေ၊ ကားမောင်းသမားတဦး၊ အခြားရွာသားတဦး ဒဏ်ရာရသွားသည်။ ရွာသူနော်ချယ်ရီ၏ကား လုံးဝပျက်စီးသွားသည်။

☠ ဇန်နဝါရီ (၄)ရက်က ချင်းပြည် ပလက်ဝမြို့နယ် အိန္ဒိယ-မြန်မာနယ်စပ်အနီး ချင်းလက်ဝရွာတွင် ခလရ ၂၃၄ မှ တပ်ကြပ်ကြီးကျော်ကျော်ဦးသည် တပ်ရင်းမှူးနှင့်စကားများခဲ့ပြီးနောက် ကိုယ့်ကိုယ်ကို သေနတ်နှင့်ပစ်၍ အဆုံးစီရင်သွားခဲ့သည်။

☠ ဇန်နဝါရီ (၅)ရက်နေ့က ရန်ကုန်မြို့ အောင်ရတနာ အထူးကုဆေးခန်းတွင် တောင်ဥက္ကလာမှ ဒေါ်ကြည်လေး (၅၉ နှစ်) တင်ပါးဆုံရိုးကျိုးဒဏ်ရာကို ခွဲစိတ်ကုရာမှ မိနစ်ပိုင်းအတွင်းသေဆုံးသွားခဲ့သည်။

☠ ဇန်နဝါရီ (၇)ရက်၌ နအဖစစ်အစိုးရ၏ အင်းစိန်ထောင်တွင်း မြောက်ပိုင်းခရိုင်တရားရုံးက နိုင်ငံတော် လျှို့ဝှက်ချက်ပေါက်ကြားမှုဖြင့် ကွယ်လွန်သူ နအဖ အတွင်းရေးမှူး-၂ ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရေးအတွင်းဝန် ဟောင်း ဗိုလ်မှူးဟောင်းဝင်းနိုင်ကျော်ကို ထောင်ဒဏ်နှစ် ၂၀ နှင့် သေဒဏ်၊ နိုင်ငံခြားရေးရုံး ဥရောပရေးရာဌာနဝန်ထမ်း ကိုသူရကျော် (ကိုအောင်အောင်)ကို ထောင်ဒဏ် ၁၈ နှစ်နှင့် သေဒဏ်၊ အရပ်သား ကိုပျန်စိန်(အစီး)ကို ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်သည်။

☠ ဇန်နဝါရီ (၁၅)ရက်က ကိုးကန့်ဒေသတာဝန်ကျ နအဖ တပ်မ ၉၉ လက်အောက်ခံ ခမရ ၃၁၅ မှ တပ်သား အောင်မြင့်ထွန်းနှင့် ထွန်းထွန်းနိုင်တို့

(တဖက် သို့)

# တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ

၂၀၀၉ ခု အောက်တိုဘာ (၁၈)ရက်တွင် ဘိုကလေးမြို့သစ်ရပ်နေ မောင်အောင်ကိုဇင် (၁၅ နှစ်)ကို မော်ကျွန်း ခမရ ၅၃၄ မှ ဒုတပ်ကြပ်ထွန်းထွန်းဦးက မော်ကျွန်းတပ်ကို ခေါ်ဆောင်သွားပြီး ပုသိမ်မြို့ စစ်သားစုဆောင်းရေးတပ်ကို ပို့ခဲ့သည်။

ဘိုကလေးမြို့ အထက ၁ ကျောင်းတွင် ၁၀ တန်း၌ပညာသင်ကြားနေသော (၁၆)နှစ်အရွယ် ကျောင်းသား(၂) ဦးဖြစ်သည့် မောင်ဇော်မင်းပိုင်နှင့် မောင်ဩဂတ်စတင်တို့ကို နယ်လှည့်စစ်သားစုဆောင်းရေးတပ်မှ ဒုတပ်ကြပ်ဇော်မိုးနိုင်က ဒီဇင်ဘာ (၂၁)ရက်၌ ဖြားယောင်းခေါ်ယူသွားခဲ့ရာ မှော်ဘီ စစ်သားစုဆောင်းရေးတပ်သို့ ရောက်သွားသည်။

၂၀၀၉ ခုနှစ်အတွင်း ကလေးစစ်သားစုဆောင်းခြင်း တိုင်ကြားမှု (၇၈) ခုကို အိုင်အယ်လ်အိုက လက်ခံရရှိခဲ့ပြီး (၅၁)ဦး ပြန်လွတ်လာခဲ့သည်ဟု ILO ရန်ကုန်ရုံးတာဝန်ခံ စတီဗ်မာရှယ်က ပြောကြားသည်။

ဇန်နဝါရီ (၁၉)ရက်က မကွေးတိုင်း တောင်တွင်းကြီးမြို့ အောင်ဇေယျ ကွက်သစ်မှ မောင်ကျော်မင်းထွန်း (၁၄ နှစ်) နှင့် ၉ တန်းကျောင်းသား ကိုဖြိုးတို့ နှစ်ဦးကို နအဖ တပ်မ ၈၈ လက်အောက်ခံ ခလရ ၈၃ မှ ဒု-တပ်ကြပ် နိုင်ဝင်းက အဓမ္မခေါ်ဆောင်၍ စစ်တပ်ထဲသွင်းခဲ့ရာ ကိုဖြိုးအတွက် ဆေးရုံလက်မှတ်၊ ရပ်ကွက်ဥက္ကဋ္ဌလက်မှတ်နှင့် ကျပ်လေးသောင်းပေးရွေးလိုက်နိုင်သဖြင့် ပြန်လွတ်လာပြီး မောင်ကျော်မင်းထွန်း၏အမေ မှဆိုးမ ခေါင်းရွက်ဗျတ်ထိုး ဟင်းသီးဟင်းရွက်ဈေးသည်မှာမူ မရွေးနိုင်ဖြစ်နေသည်။

ဇန်နဝါရီ (၁၆)ရက်က ရှမ်းပြည်မြောက်ပိုင်း ကိုးကန့်ဒေသ တာ့ရွှေထန်ရွာတွင် နအဖ တပ်မ ၃၃ လက်အောက်ခံတပ်မှ စစ်သားအချင်းချင်းပစ်ခတ်၍ တဦးသေ ၂ ဦးဒဏ်ရာရသွားသည်။

ပဲခူးမြို့ အမှတ် ၃ အထက်တန်းကျောင်းမှ ဆယ်တန်းကျောင်းသား မောင်ဝေဦးကို နအဖတပ် ခမရ ၂၀၂ က ဇန်နဝါရီ (၁၄)ရက်နေ့က ခေါ်ဆောင်ပြီး တပ်ထဲသွင်းခဲ့ရာ ပြည်ပသတင်းဌာနများ၏ ထုတ်ပြန်ကြေညာပေးမှုကြောင့် (၂၅) ရက်၌ ပြန်လွတ်လာသည်။

ဝမြောက်ဒေသအနီး ဟိုပန်မြို့နယ်အတွင်း လာရောက်တပ်စွဲနေသည့် မိတ္ထီလာအခြေစိုက် နအဖ တပ်မ ၉၉ လက်အောက်ခံတပ်များမှ အရာရှိများ အပါအဝင် စစ်သည်များ (၂)ရက်ခြား (၃)ရက်ခြား ထွက်ပြေးနေကြသည်။

၂၀၀၉ ဩဂုတ်-စက်တင်ဘာ ကိုးကန့်စစ်ပွဲဖြစ်စဉ်က နအဖ တပ်သားနှင့် ရဲ (၃၀)ခန့် သေနတ်များထားပြီး ထွက်ပြေးခဲ့သည်။ ကေအိုင်အေစခန်းနှင့် ရင်ဆိုင်ထားသည့် ခလရ ၃၇ ရေတ့ာန်းစခန်းမှ တပ်စိတ် (၂)စိတ်လည်း သေနတ်များထားပြီး ထွက်ပြေးခဲ့သည်။

**နအဖလေတပ်မှ တရုတ်လုပ်တိုက်လေယာဉ်များ ပျက်စီးမှု အချို့ - -**

**၁)** ၁၉၉၉ - ရှမ်းပြည်တောင်ပိုင်း အင်းလေးကန်အနီး လေယာဉ်ပျက်ကျ၊ လေယာဉ်မှူး ၂ ဦး သေ

**၂)** ၂၀၀၂ - မိတ္ထီလာ ရှမ်းတဲလေတပ်စခန်း၊ အမောင်းသင်ရင်း ပျံတက်ရန်ကြိုးစားစဉ် လေယာဉ်မီးလောင်၊ သေဆုံးမှုမရှိ

**၃)** ၂၀၀၂ - မိတ္ထီလာ ရှမ်းတဲလေတပ်စခန်း၊ လေ့ကျင့်ပျံသန်းစဉ် မိတ္ထီလာမြို့နယ် ရေဝေရွာနှင့် မလှိုင်မြို့နယ် ထန်းတပင်ရွာကြား လေယာဉ်ပျက်ကျ၊ လေယာဉ်မှူး ဗိုလ်ဝေဟင်ထွန်း သေ

**၄)** ၂၀၀၂ - မှော်ဘီ ၅၀၁ လေတပ်စခန်း၊ လေ့ကျင့်ပျံသန်းစဉ် ရန်ကုန်တိုင်း တွံတေးမြို့နယ် ညောင်ပင်သာရွာအနီး လေယာဉ်ပျက်ကျ၊ လေယာဉ်မှူး ဗိုလ်ဖြိုးဝေကျော်လှိုင် သေဆုံး

**၅)** ၂၀၀၃ - မန္တလေးတိုင်း တံတားဦးလေဆိပ်အနီး လေယာဉ်ပျက်ကျ၊ လေယာဉ်မှူး ခုန်ထွက်နိုင်၍ မသေ

**၆)** ၂၀၀၄ - မိတ္ထီလာ ရှမ်းတဲလေတပ်စခန်း၊ လေ့ကျင့်ပျံသန်းစဉ် လေယာဉ် ပေါက်ကွဲမီးလောင် ပျက်ကျ၊ လေယာဉ်မှူး ဗိုလ်ကြီးမျိုးထွဋ်အောင်နှင့် မြေပြင်ရှိ လယ်တဲပိုင်ရှင် ဦးအောင်မောင်း ဒဏ်ရာရ၊ လေယာဉ်၌ တပ်ဆင်ထားသည့် ဒုံးကျည်နှင့်လက်နက်များ ပေါက်ကွဲ၍ အနီးရှိ အဆောက်အဦအချို့ ပျက်စီး

**၇)** ၂၀၀၆ - မိတ္ထီလာ ရှမ်းတဲလေတပ်စခန်း၊ စက်ရှိန်မြှင့် ပျံသန်းစဉ် လေယာဉ် မီးလောင်ပျက်ကျ၊ လေယာဉ်မှူး ဗိုလ်မှူးသန်းဇော်လင်း သေ

**၈)** ၂၀၀၇ - မြစ်ကြီးနားမြို့ ၅၀၃ လေတပ်စခန်း၊ လေ့ကျင့်ပျံသန်းစဉ် ဆားမှော်အနီး လေယာဉ်ပျက်ကျ၊ လေယာဉ်မှူး သေ

**၉)** ၂၀၀၇ - မန္တလေး တံတားဦးလေဆိပ်၊ လေ့ကျင့်ပျံသန်းစဉ် လေယာဉ်ပျက်ကျ - လေယာဉ်မှူး ဗိုလ်ကြီးစိုးစံလျှန်း သေ

**၁၀)** ၂၀၀၉ - မင်္ဂလာဒုံလေဆိပ်၊ ဆင်းသက်စဉ် ဘီးမကျ၍ မီးလောင်၊ လေယာဉ်မှူး ဗိုလ်ကြီးပြည့်ဖြိုးမျိုး သေ

♦♦♦

(တဖက် မှ)

(၂)ဦး လက်နက်နှင့်အတူ ထွက်ပြေးခဲ့သည်ကို ပြန်လည်ဖမ်းဆီးရမိပြီးနောက် ပစ်သတ်ခဲ့သည်။

ဇန်နဝါရီလ (၁၇)ရက်နှင့် (၁၉)ရက်များ၌ ကျောက်ကြီးမြို့နယ်ရှိ ခဲဒဲရွာသား စောမြကော်ထူး (၄၀ နှစ်) နှင့် တူဝေါ်စိုးရွာသား စောအယ်ထူးတို့ကို နအဖတပ် ခမရ ၃၆၇ က ပစ်သတ်ခဲ့ပြီး ခဲဒဲရွာကို မီးရှို့ဖျက်ဆီးခဲ့သည်။

ဒီဇင်ဘာ (၁၆)ရက်က ဖြစ်ပွားခဲ့သော အရပ်သား (၇)ဦးသေ၊ (၁၁)ဦး ဒဏ်ရာရခဲ့သည့် ဖာပွန် ကရင်နှစ်သစ် ကူးပွဲတော်ဗုံးပေါက်မှုမှာ နေပြည်တော်၏ ညွှန်ကြားချက်အရ နယ်မြေခံ နအဖတပ် စဗဟ-၁ က ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဇန်နဝါရီလလယ်၌ နယ်စပ်သို့ထွက်ပြေးရောက်ရှိလာသည့် နအဖ စစ်ပြေးကပြောပြသည်။

ဇန်နဝါရီ (၁၉)ရက်က ကရင်ပြည် ထန်းတပင်မြို့နယ် ဟောတူရွာသား စောထူးနေဝါး (၃၇ နှစ်)ကို ၎င်း၏ ကွမ်းသီးခြံအတွင်း အလုပ်လုပ်နေစဉ် နအဖတပ် ခမရ ၄၂၇ က အကြောင်းမဲ့ပစ်သတ်ပြီး ခေါင်းဖြတ်ယူသွားသည်။

ရခိုင်ပြည် မောင်းတောမြို့နယ်တွင် စားကျက်မြေကျူးလာသော တောဆင်ရိုင်းများ၏ တိုက်ခိုက်မှုကြောင့် ဇန်နဝါရီလအတွင်း (၈)နှစ်အရွယ်ကလေး တဦးအပါအဝင် လူ (၅)ဦးသေ၊ (၈)ဦးဒဏ်ရာရခဲ့သည်။

ဇန်နဝါရီ (၂၂)ရက်မနက်က နအဖ လေတပ်မှ တရုတ်လုပ် အက်ဖ်-ဆဲဗင်း တိုက်လေယာဉ်တစင်း ရန်ကုန် မင်္ဂလာဒုံလေယာဉ်ကွင်းအဆင်း မီးလောင်ပျက်ကျသွားရာ လေယာဉ်မှူး ဗိုလ်ကြီးပြည့်ဖြိုးမျိုး (၂၃ နှစ်)မှာ လေယာဉ်ထိုင်ခုံ အရေးပေါ်ခုန်ထွက်ခလုတ် တွန်းယမ်း သက်တမ်းလွန်နေသဖြင့် ထွက်မရဘဲ သေဆုံးသွားသည်။ ရုရှားထောက်လှမ်းရေး၏ စည်းရုံးသိမ်းသွင်းခြင်းခံရသော ရုရှားပြန် စစ်ဗိုလ်အချို့က တရုတ်လေယာဉ်များနာမည်ပျက်ပြီး ရုရှားလေယာဉ်များကိုသာ နအဖစစ်အစိုးရကဝယ်ယူစေရန်အတွက် အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်သည်ဟုလည်း ကောလာဟလဖြစ်နေသည်။

မိတ္ထီလာ မြေပြင်အတတ်သင် လေတပ်စခန်းမှ ဗိုလ်မင်းရဲထွန်းသည် ဇန်နဝါရီ (၁၀)ရက်နံနက်က ပြည်သာယာ (၁) လမ်းနေ အသက် (၅၃)နှစ်ခန့်ရှိ အမျိုးသမီးတဦးအား လိုင်စင်မဲ့ဆိုင်ကယ်ဖြင့်တိုက်မိရာ ထိုအမျိုးသမီးကြီး သေဆုံးသွားခဲ့သည်။ ဗိုလ်မင်းရဲထွန်းကိုမူ လူသေမှုဖြင့် အမှုမဖွင့်ခိုင်းဘဲ တပ်ထဲ ပြန်ခေါ်သွားခဲ့သည်။ ♦

NCGUB

ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားညွန့်ပေါင်းအစိုးရ
မှ ထုတ်ဝေသည်။

ဒီမိုကရေစီ လူ့အခွင့်အရေး ဖက်ဒရယ်

NCGUB
77 South Washington Street
Suite 308
Rockville, Maryland 20850
USA
Tel: (301) 424-4810
Fax: (301) 424-4812
E-mail: ncgub@ncgub.net

www.ncgub.net

www.campaignfordemocracy.net

## မလွတ်လပ်ဆုံး

အမေရိကန်အခြေစိုက် လွတ်လပ်ရေးဂေဟာ Freedom House အဖွဲ့ကြီး၏ ၂၀၀၉ ခုနှစ်အစီရင်ခံစာကို ဇန်နဝါရီ (၁၂)ရက်က ထုတ်ပြန်လိုက်ရာ မြန်မာနိုင်ငံသည် အဆိုးတကာ့အဆိုးဆုံးစာရင်းထဲ ဆက်လက်ပါဝင်နေသည်။

ကမ္ဘာ့အဆိုးဆုံး(၉)နိုင်ငံနှင့် နယ်မြေ(၁)ခုမှာ

၁။ မြောက်ကိုးရီးယား
၂။ တပ်ခ်မင်နစ္စတန်
၃။ ဥဇဘက်ကစ္စတန်
၄။ လစ်ဗျား
၅။ ဆူဒန်
၆။ မြန်မာ
၇။ အီကွေတိုရီးရယ်ဂီနီ
၈။ အီရီထရီးယား
၉။ ဆိုမားလီးယား
၁၀။ တိဘက် (တရုတ်ကိုလိုနီ) တို့ အစဥ်အလိုက်ဖြစ်ကြသည်။

ဒါ ဒို့ မြေ ဒါ ဒို့ မြေ

## နိုင် ငံ တော် မင်း မဲ့ ဝါ ဒ

☹ အဆိုတော်၊ တေးရေးဆရာ၊ တီးဝိုင်းသမားများနှင့် ဂီတထုတ်လုပ်သူများ ၂၀၀၆ ခုမှ ယခုနှစ်အထိ အခွန် (၃) နှစ်စာဆောင်ရမည်ဟု နအဖ ဂီတအစည်းအရုံးက နိုဝင်ဘာလကုန်၌ အကြောင်းကြားခဲ့သည်။ သို့သော် ရန်ကုန်တွင် ခိုးကူးခွေများကို ရဲမိသားစုများကိုယ်တိုင်ရောင်းနေသလို အခြားရောင်းချသူများကလည်း ရဲကိုလိုင်းကြေးပေး၍ အနှောင့်အယှက်ကင်းကင်းရောင်းနေကြသည်။

☹ ဒီဇင်ဘာ (၂၉)ရက် (၃၁)ရက်နှင့် ဇန်နဝါရီ (၁)ရက်တို့တွင် ဒီကေဘီအေတပ်ရင်း ၉၀၈ မှ ဒုခွဲမှူး ဖာထော ဦးစီးအင်အား(၄၀)ခန့်နှင့် မင်းဇော်ဦး ခေါင်းဆောင်သည့် နအဖတပ် ခမရ ၃၅၆ မှ အင်အား(၆၀)ခန့်သည် ကရင်ပြည် ကြာအင်းဆိပ်ကြီးမြို့နယ် အစွန်းရွာသူကြီးမ ဒေါ်ကလယ်နှင့် ရွာသားများ ကျောင်းသားများကို ဖမ်းဆီးပြီး ကေအဲန်ယူနှင့် အဆက်အသွယ်ရှိသည်ဟုဆိုကာ ရိုက်နှက်နှိပ်စက်ခဲ့သည်။ ဒီကေဘီအေ တပ်ရင်း ၉၀၈ ဆုံးရှုံးသွားသည့်လက်နက် (၁၁)လက်ကိုလည်း အတင်းလျော်ကြေးတောင်းနေသည်။ ထို့အပြင် အစွန်းရွာ အစိုးရမူလတန်းလွန်ကျောင်းမှ ကျောင်းဆရာမများနေအိမ်ကို သေနတ်နှင့်ပစ်ခတ်သဖြင့် ကျောင်းအုပ်ဆရာမ ဒေါ်အုန်းဆင်နှင့်ဆရာမနှစ်ဦးလည်း မြို့သို့ထွက်ပြေးသွားရသည်။ တောင်ယာသွားသည့်

(စာမျက်နှာ ၆ သို့)

## လာဘ်အစားဆုံးတိုင်းပြည်

ဂျာမဏီအခြေစိုက် နိုင်ငံတကာပွင့်လင်းမြင်သာရေးအဖွဲ့ကြီးက ကမ္ဘာ့အဂတိလိုက်စားမှု နှစ်ပတ်လည်အစီရင်ခံစာကို နိုဝင်ဘာ (၂၂)ရက်က ထုတ်ပြန်လိုက်ရာ မြန်မာနိုင်ငံက တတိယလာဘ်အစားဆုံးဆုကို ဆွတ်ခူးသွားသည်။

၁၊ ဆိုမာလီ
၂၊ အာဖဂန်နစ္စတန်
၃၊ မြန်မာ
၄၊ ဆူဒန်
၅၊ အီရတ်
၆၊ ချက်ဒ်
၇၊ ဥဇဘက်ကစ္စတန်
၈၊ တာ့က်မင်နစ္စတန်
၉၊ အီရန်
၁၀၊ ဟေတီ တို့အစဥ်အတိုင်းဖြစ်သည်။

## လူ သတ် ယန္တရား

## THE KILLING MACHINE

☠ နိုဝင်ဘာ (၅)ရက်က ကရင်ပြည်မြောက်ပိုင်း သံတောင်မြို့နယ် သောက်ရေခပ်ချောင်းအရှေ့ခြမ်းတွင် နအဖတပ် ခလရ ၄၈ က ကွမ်းသီးခြံလုပ်နေသည့် ရွာသား (၃)ဦးကို ပစ်သတ်ခဲ့သည်။

☠ ရန်ကုန်မြို့ မအူကုန်းရပ်ကွက်နေ အငြိမ်းစားအထက်တန်းပြဆရာမ ဒေါ်ခင်ကြည်(၆၈ နှစ်)သည် အာရှတော်ဝင်ဆေးခန်း၌ ကျောက်ကပ်ရောဂါ ကုသခံနေစဥ် သွား(၁၁)ချောင်းနှုတ်ခံရပြီးနောက် သတိပြန်မလည်လာတော့ဘဲ နိုဝင်ဘာ (၁၁)ရက်က သေဆုံးသွားခဲ့သည်။ အာရှတော်ဝင်ဆေးခန်း၏ ရှယ်ယာဝင်ဖြစ်သူ ဒေါက်တာသန်းထွန်းအောင်သည် ၎င်းပိုင် ဝီးကလီးအီလဲဗင်းဂျာနယ်မှနေ၍ ရွှေဂုံတိုင်အထူးကုဆေးခန်းပေါ့ဆမှုကြောင့် အောက်တိုဘာ (၂၇)ရက်ကသေဆုံးခဲ့သော လူနာ မခိုင်ရွှန်းလဲ့ရည်ဖြစ်ရပ်ကို အကြီးအကျယ်ဖွင့်ချတိုက်ခိုက်ခဲ့ဖူးသည်။

☠ ဒီဇင်ဘာ (၁၉)ရက်က ကချင်ပြည် ဖားကန့်မြို့နယ် နောင်မီးကျေးရွာ ခရစ်ယာန်ဘုရားကျောင်းတခုတွင် ၂၀၀၉ ခု ခရစ်စမတ်ပွဲတော်အတွက် သီချင်းတိုက်နေစဥ် နအဖတပ် ခလရ ၂၈၈ မှ တပ်ကြပ်အောင်မြင့်နှင့် စစ်သားများ ဘုရားကျောင်းထဲဝင်ပြီး ရွာသားများကိုဓားနှင့်ထိုးရာ လယ်သမား လဖိုင်နော်ဆိုင်းပွဲချင်းပြီးသေဆုံးခဲ့သည်။

(စာမျက်နှာ ၈ သို့)

